The STRATEGY FIRST Times

Vol.1., Issue 14

May 9, 2016 | ၁၃၇၇ ခု၊ ကဆုန်လဆန်း (၂) ရက်နေ့၊ တနလာနေ့ | နှစ်ပတ် တစ်ကြိမ် / Digital Edition

STRATEGY FIRST | 10,000$ MBA Scholarship | CALL NOW: 09 250 717166 - 67 - 68

MOVIE REVIEW

စာ - ၆ သို့

Monkey King 2

Monkey King မျောက်ဘုရင်ဆိုတဲ့ ဇာတ်ကားက မြန်မာရုပ်ရှင်ပရိသတ်တွေ ကြိုက်နှစ်သက်တဲ့ စွန်းဝူခုန်း ဇာတ်လမ်းကို Effect အလန်းစားတွေနဲ့ ပြန်လည်ဖန်တီးထားတဲ့ ဇာတ်ကားပဲဖြစ်ပါတယ်။ Monkey King 1 ဇာတ်ကားက ၂၀၁၄ ခုနှစ်မှာ ထွက်ရှိခဲ့ပြီး ပရိသတ်တွေရဲ့ အားပေးမှုကိုရရှိခဲ့ပါတယ်။ စွန်းဝူခုန်းဆိုရင်ကလေးကအစ လူကြီးအထိ ကြိုက်နှစ်သက်ကြပြီး မျောက်ဘုရင်ကြီး စွန်းဝူခုန်းဇာတ်ကားတွေက ဟိုးယခင်ကနေ ယနေ့အချိန်အထိ မျောက်ဘုရင်ကြီးကို ချစ်ခင်နှစ်သက်စွာ ကြည့်ရှုနေကြဆဲပါပဲ။

စာ - ၂ သို့

MBA
တက်ရင် ကောင်းမလား။ မတက်ရင် ကောင်းမလား

စာ - ၁၁ သို့

STRATEGY FIRST မှာ abe သင်တန်းများ တက်ရောက်နိုင်တော့မယ်

စာ - ၁၄ သို့

အလုပ်လုပ်ရင်း နေ့လည်စာ စားပြီးချိန်လောက်မှာ ပျင်းရိပြီး အိပ်ချင်လာတတ်သလား အာရုံစိုက်မှု ပြန်ရနိုင်အောင် ဒါတွေကိုလုပ်ပါ

အလုပ်ထဲမှာ နေ့လယ် (၂) နာရီ ထိုးလောက် ရောက်ရင် ကျွန်တော့်အတွက်ကတော့ နေ့တိုင်းလိုလို အိပ်ချင်လာသလိုလို ခြေကုန်လက်ပန်းကျသလို ဖြစ်လာတတ်ပါတယ်။ အဲဒီအချိန်မှာ ပုံမှန်လုပ်နေကျလွယ်လွယ်ကူကူ လုပ်လို့ပြီးနိုင်တဲ့ အလုပ်တွေတောင်မှ ပြီးအောင်လုပ်ဖို့ ခက်နေတာမျိုး ကြုံရတတ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ငါအိမ်ပြန်လို့မရသေးဘူးလားလို့တောင် စဉ်းစားလာမိတတ်ပါတယ်။

MBA တက်ရင် ကောင်းမလား၊ မတက်ရင် ကောင်းမလား

atmifcsif

MBA တက်သင့်၊ မတက်သင့် လာရောက်မေးမြန်းသူတွေများတာကြောင့် စဉ်းစားနိုင်ဖို့အတွက် ရေးသားဖော်ပြပေးလိုက်ပါတယ်။

MBA ဆိုတာ လိုအပ်ရင်လည်း တစ်သက်မှာ တစ်ခါသာ တက်ပြီး ငွေ၊ အချိန်နဲ့ ခွန်အားရင်းနှီးမြှုပ်နှံမှုတွေများလုတဲ့အတွက် သေချာစဉ်းစားရွေးချယ်သင့်ပါတယ်။

MBA ဆိုတာဘာလဲ

MBA ဆိုတာ Master of Business Administration - စီးပွားရေး စီမံခန့်ခွဲမှု မဟာဘွဲ့ဖြစ်ပါတယ်။ MBA က Academic မဟုတ်ဘဲလက်တွေ့ကျင့်သုံးတဲ့သူတွေအတွက် Professional ဘွဲ့တစ်ခုဖြစ်ပါတယ်။ အချိန်ပြည့်တက်ရတဲ့ Full-time MBA, အလုပ်နဲ့ အချိန်ပိုင်းတတ်နိုင်တဲ့ Part-time MBA နဲ့ အသက်အရွယ်ရင့်ကျက်မှု၊ လုပ်သက်အတွေ့အကြုံ လိုအပ်တဲ့ Executive MBA စသည်ဖြင့် ရှိတတ်ပါတယ်။ Online MBA တွေလည်း ရှိပါတယ်။

တချို့တက္ကသိုလ်တွေမှာ MBA အလားတူ MSc (International Business) အတန်းလည်း ရှိတတ်ပါတယ်။ MBA ထက် ဘာသာရပ်ပိုနည်းပြီး ဈေးသက်သာတာ ရှိနိုင်ပါတယ်။

MBA မှာ ဘာတွေသင်လဲ

MBA မှာ စီမံခန့်ခွဲမှု ဘာသာရပ်တွေ အစုံအလင်ကို ခြုံပြီးလေ့လာရတာ ဖြစ်ပါတယ်။ Economics, Marketing, HR, Finance, Project Management, စတဲ့ဘာသာရပ်တွေ ပါဝင်တတ်ပါတယ်။ MBA General နဲ့ Specialized MBA တွေရှိတတ်ပြီး အစီအစဉ်တွေမတူရင် ရွေးချယ်ရတဲ့ဘာသာတွေ မတူတတ်ပါဘူး။ တက္ကသိုလ်တစ်ခုနဲ့ တစ်ခုလည်း ဘာသာရပ်တွေ၊ ဘာသာအရေအတွက်တွေ မတူတတ်ပါဘူး။ အချိန်ကလည်း (၁) နှစ်၊ (၁) နှစ်ခွဲ၊ (၂) နှစ် စသည်ဖြင့် ကြာမြင့်တတ်ပါတယ်။

MBA တက်တဲ့အခါမှာ Accounting, Finance နဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေက အခြေခံမရှိထားတဲ့သူတွေအတွက် အခက်ခဲဆုံးပါပဲ။

MBA မှာစာလုံးရေ ၅၅၀၀ - ၂၀၀၀ ကြား Thesis/ Dissertation သုတေသနစာတမ်း တင်ရတာတွေရှိနိုင်ပါတယ်။

MBA Program က ဘယ်လိုလူတွေအတွက် သင့်တော်လဲ

ရည်ရွယ်ချက်ကတော့ ဌာနအလိုက် Functional အရာရှိတွေ မန်နေဂျာရာထူးနဲ့ အထက်ကို ထမ်းဆောင်ရတော့မယ်ဆိုရင် ဌာနပေါင်းစုံနဲ့ အချိတ်အဆက်ကောင်းမွန်စေဖို့၊ ဌာနပေါင်းစုံကို ထိန်းကြောင်းနိုင်ဖို့ သင်ယူရတာ ဖြစ်ပါတယ်။

စီးပွားရေးဘွဲ့ရမဟုတ်သူတွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ နည်းပညာသမားတွေလည်း စီမံအုပ်ချုပ်ရတဲ့ရာထူးမျိုးတက်လှမ်းဖို့အတွက် MBA ဘွဲ့ လိုအပ်လေ့ရှိပါတယ်။ နိုင်ငံတကာမှာတော့ ကုမ္ဗဏီတွေက သူတို့အတွက် အရေးပါတဲ့ ဝန်ထမ်းကောင်းတွေ ရာထူးမြင့်တွေအတွက် ပြင်ဆင်ပေးဖို့ကို MBA အတန်းကိုထားပေးလေ့ရှိပါတယ်။

ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူတွေ၊ လုပ်ကိုင်လိုသူတွေလည်း စီးပွားရေး စီမံခန့်ခွဲမှု ဘာသာအားလုံးကို ခြုံပြီးလေ့လာနိုင်တဲ့ MBA ကိုတက်ကြပါတယ်။

အနည်းဆုံးအသက် ၂၅ - ၃၀ လောက်ရှိပြီး လုပ်သက် (၅) နှစ်လောက်ရှိရင်တော့အကောင်းဆုံးပါပဲ။

MBA ဝင်ခွင့်သတ်မှတ်ချက်က ဘယ်လိုရှိလဲ

တက္ကသိုလ်တစ်ခုနဲ့တစ်ခုဝင်ခွင့်သတ်မှတ်ချက်မတူတတ်ပါဘူး။ နိုင်ငံတကာ တက္ကသိုလ်တွေကတော့ အင်္ဂလိပ်စာ လိုအပ်ချက် စစ်ဆေးတတ်ပါတယ်။ TOEFL/ IELTS အမှတ် တောင်းမှာဖြစ်ပါတယ်။ မရှိရင် ကျောင်းက ပြန်စစ်ပေးတာမျိုးလည်း ရှိနိုင်ပါတယ်။

အမေရိကန်တက္ကသိုလ်အများစုက GMAT (Graduate Management Aptitude Test) အမှတ်နဲ့ ကန့်သတ်လေ့ရှိပါတယ်။ UK တက္ကသိုလ်တွေကတော့ GMAT မလိုတာများပါတယ်။ GMAT ဆိုတာ အင်္ဂလိပ်စာ၊ သင်္ချာ၊ Logic တွေကို Multiple-Choice ပုံစံနဲ့ စစ်ဆေးတာဖြစ်ပါတယ်။

အနည်းဆုံးတော့ Bachelor's ဘွဲ့တစ်ခု လိုအပ်တတ်ပါတယ်။ UK တက္ကသိုလ်တွေမှာ ရင့်ကျက်ကျောင်းသား (Mature Student) ဆိုပြီး ဘွဲ့မရှိလည်း ဘွဲ့နဲ့ညီမျှတဲ့ ဒီပလိုမာတစ်ခု ရှိရင် ပေးတတ်တာမျိုးရှိပါတယ်။

သိထားဖို့လိုတာက MBA တက်ဖို့ စီးပွားရေးဒီပလိုမာတစ်ခုခုရှိရမယ်ဆိုတာတော့မဟုတ်ပါဘူး။ ဘွဲ့မရှိရင်သာ UK ကျောင်း တချို့က တောင်းဆိုတတ်တာပါ။ အခြေခံစီးပွားရေးအသိပညာ လိုအပ်ချက်တွေရှိရင် Pre-MBA တက်ရတာမျိုးတော့ ရှိနိုင်ပါတယ်။

MBA က အရင်းအနှီးများတာဖြစ်တဲ့အတွက် တချို့က မြေစမ်းခရမ်းပျိုးအနေနဲ့ ဒီပလိုမာ အရင်တက်ကြည့်တာတွေ ရှိနိုင်ပါတယ်။ Finance လို ဘာသာရပ်မျိုးက ကြိုတက်ထားတာတော့ ကောင်းပါတယ်။

MBA မှာ အလုပ်အတွေ့အကြုံ သတ်မှတ်ချက်တွေလည်း ရှိနိုင်ပါတယ်။ ကိုယ်ပိုင်စာမေးပွဲတွေနဲ့လည်း စစ်ဆေးတတ်ပါတယ်။

ကုန်ကျစရိတ်

ထိပ်တန်း US နဲ့ UK တက္ကသိုလ်တွေမှာ MBA တက်ရင် သိန်း ၁၀၀၀ ကျော် - ၂၀၀၀ လောက်အထိ ကုန်နိုင်ပါတယ်။ ကျောင်းပေါ်မှာမူတည်ပြီး Online MBA တွေက ဈေးသက်သာတာရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာတော့ သိန်း ၁၀၀ ဝန်းကျင်များပါတယ်။

MBA ဘွဲ့ပြီးရင် ရနိုင်သော အကျိုးများ

မိမိရဲ့ သင်ယူနိုင်စွမ်း၊ ကောင်းစွာ အသုံးချတတ်မှုတွေအပေါ်မှာမူတည်ပြီး MBA ကြောင့်

စာ - ၇ သို့

The STRATEGY FIRST Times

Editor-in-Chief
Aung Chit Khin

Advisor
Dr. Sein Min

Editor-in-Charge
Thiha Than Naing

Senior Reporter/ Assistant Editor
Thiha Ko Ko
Naing Naing Zaw

Contributors
NCC Students

Layout & Design
War War Tun

Senior Business Manager
Aung Kyaw Htay
May Thet Hnin

Free Distribution

Price - Free
Circulation - 2500

Publisher
Aung Chit Khin
(Reg - 01221)

Printing House
U Aung Naing Tun
(Amimyay - 00199)

Address
No.8, Ground Floor,
Panchan Tower, Bargayar Road,
Myaynigone, San Chaung Township,
Yangon, Myanmar.

Ph: 09 - 26 141 7771
e-mail: info.sfj@gmail.com

The Strategy First Times is published by Strategy First Institute.

ယင်းမာ၊ ပုတက်နဲ့ STRATEGY FIRST INSTITUTE မိသားစုမှ (၄) ကြိမ်မြောက် မဟာဗုဒ္ဓဝင်ရုပ်စုံပြပွဲကျင်းပပြုလုပ်

SFJ Team

ယင်းမာ၊ ပုတက်နဲ့ **STRATEGY FIRST INSTITUTE** မိသားစုမှကြီးမှူးကျင်းပတဲ့ (၄) ကြိမ်မြောက်မဟာဗုဒ္ဓဝင်ရုပ်စုံပြပွဲကို ဧပြီလ ၂၈ ရက်နေ့ ရွှေတိဂုံစေတီတော်(မြောက်ဘက်မုခ်) ချမ်းသာကြီးတန်ဆောင်းမှာ ပြုလုပ်ခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ ဘုရားဖြစ်တော်စဉ်နဲ့ ပါရမီဖြည့်ရာဘဝတွေကို ပုံဖော်ရေးဆွဲထားတဲ့ ရုပ်ပြကာတွန်းတွေကိုလူအများကြည့်ရှုကုသိုလ်ပွားနိုင်ဖို့ ဧပြီလ ၂၈ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ပြသမှာဖြစ်ပါတယ်။

STRATEGY FIRST INSTITUTE ရဲ့ကျောင်းအုပ်ကြီးဦးအောင်ချင်ခင်မှ "ဘုရားရဲ့ဘဝဖြစ်စဉ်တွေကိုကလေးတွေနဲ့လူငယ်တွေအလွယ်တကူသိမြင်နားလည်နိုင်ဖို့ရည်ရွယ်ပါတယ်။ ကာတွန်းရုပ်ပြတွေကိုလည်း လွယ်ကူရိုးစင်းတဲ့ ရုပ်ပြအရေးအသားတွေနဲ့ကျွန်တော်တို့အလေးထားရတဲ့ ပန်းချီ၊ ကာတွန်းဆရာကြီးဦးပိုးဇာက ဦးစီးရေးဆွဲထားတာဖြစ်ပါတယ်။ ဗုဒ္ဓဝင်ရေးဆွဲရာမှာ များသောအားဖြင့်ဘုရားဖြစ်တော်မူခန်းနဲ့အောင်ခြင်း (၈) ပါးလောက်ပဲ ရေးဆွဲဖော်ပြခဲ့ပေမယ့် ကျွန်တော်တို့အနေနဲ့ ပိုပြီးပြည့်ပြည့်စုံစုံဖြစ်အောင်ရေးဆွဲပေးထားပါတယ်" လို့ပြောပါတယ်။

လက်ရှိဗုဒ္ဓဝင်ပြပွဲမှာ ပြခန်းပေါင်း ၂၆၆ ခန်းပါဝင်ပြသထားပြီး လူငယ်တွေ အလွယ်တကူဖတ်ရှုလေ့လာနိုင်ဖို့အတွက်လည်းMobile Phone Application အဖြစ်နဲ့ပါ ပြုလုပ်ပေးထားပါတယ်။

ဗုဒ္ဓဝင်ရုပ်ပြကာတွန်းစာအုပ်တွေကို အပိုင်းလိုက်ထုတ်ဝေထားပြီးမကြာခင်မှာဗုဒ္ဓဝင်ရုပ်ပြကာတွန်းတွေကို စုစည်းပြီး ပိုမိုပြည့်စုံစွာဖတ်ရှုနိုင်ဖို့ စာအုပ်ထပ်မံထုတ်ဝေသွားမှာ ဖြစ်ပါတယ်။

အဆိုပါပြပွဲဖွင့်ပွဲကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် တာဝန်ရှိသူများ၊ ကျောင်းနာယကနဲ့ တာဝန်ရှိသူများ၊ ဝန်ထမ်းများနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်များ၊ စာနယ်ဇင်းအသီးသီးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး လာရောက်ကြည့်ရှုသူတွေကိုလည်း ယင်းမာ၊ ပုတက်နဲ့ **STRATEGY FIRST INSTITUTE** မိသားစုမှာမုန့်ဟင်းခါးဒါနကျွေးမွေးခဲ့ပါတယ်။ လာရောက်ကြည့်ရှုဖို့လည်း ဖိတ်ခေါ်ပါတယ်။

STRATEGY FIRST မှာ abe သင်တန်းများ တက်ရောက်နိုင်တော့မယ်

၂၀၁၆ခုနှစ်၊ဧပြီလ ၂၉ရက်မှာမြန်မာနိုင်ငံကိုအလည်အပတ်ရောက်ရှိနေတဲ့Association of Business Executives, UK မှ CEO - Mr. Gareth Robinson, Regional Director - Mr. Ren Varma, Director of International Marketing - Ms. Kate Winter နှင့် မြန်မာနိုင်ငံမှ Country Manager - Mr. Suren Verma တို့ဟာ **STRATEGY FIRST INSTITUTE**ကို လာရောက်တွေ့ဆုံကာ **STRATEGY FIRST INSTITUTE** နဲ့ **abe** တို့ လက်တွဲပြီး လုပ်ဆောင်မယ့်သင်တန်းအသစ်များအကြောင်းကိုဆွေးနွေးခဲ့ပါတယ်။

ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ICM, CIM, NCC Diplomaများ၊ MBA များအပြင် ထပ်မံရွေးချယ်နိုင်မည့် **abe** မှ သင်တန်းများကိုလည်း လာမယ့် June လမှစတင်ပြီး တက်ရောက်နိုင်တော့မှာဖြစ်ပါတယ်။

STRATEGY FIRST တွင် **abe** မှ Level 6 Diploma in Business Management နှင့် Level 4 Diploma in Business Management တို့ကိုစတင်ဖွင့်လှစ်သွားမည်

ဖြစ်သည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူနှင့် စီးပွားရေးအခြေခံသဘောတရားများကို နားလည်သူများ **abe** Level 6 Diploma ကို တိုက်ရိုက်တက်ရောက်နိုင်ရန်မှာဖြစ်ပါတယ်။။

ABE Level 6 Diploma in Business Management (စုစုပေါင်း ၅ ဘာသာ)

Compulsory Unit-Corporate Strategy and planning ၊ International Business (Case Study) ၊ Managing in Organization

Elective Units (၂ ဘာသာအောင်မြင်ရန်လိုအပ်သည်) - Project Management ၊ Strategic Marketing Management ၊ Strategic Human Resources Management.

ICM Single Subject Diploma in Project Management နှင့် ICM Single Subject Diploma in Strategic Marketing Management တို့အောင်မြင်ပြီးသူများသည် **abe** မှ Level 6 Diploma ကို ဆက်လက်တက်ရောက်ပါက ဘာသာရပ်ကင်းလွတ်ခွင့်များရရှိမှာဖြစ်ပါတယ်။ ကျောင်းသားဟောင်းများအတွက်လည်းအထူးDiscountများရှိပါတယ်။

abe Level 4 Diploma -in Business Management မှာ Introduction to Business ၊ Introduction to Accounting ၊ Introduction to Business Communication နဲ့ Introduction to Quantitative Methods တို့ကို သင်ကြားပေးသွားမှာဖြစ်ပါတယ်။ အသေးစိတ်အချက်အလက်တွေကိုတော့ ဆက်လက်ကြေငြာသွားပါမယ်။

သင်တန်းအတွေ့အကြုံတွေကို ဘယ်လိုအသုံးချမလဲ

ဒေါ်ခင်နွယ်အုန်း
Senior Lecturer

သင်တန်းသားတွေကတော့ အမျိုးမျိုးသော ရည်ရွယ်ချက်များနဲ့ တက်ကြပါတယ်။ ကျောင်းပိတ်ရက်အချိန်ကို အလဟဿမဖြစ်အောင် Certificate ရချင်လို့၊အလုပ်အကိုင်အတွက်အထောက်အကူပြုဖို့၊ တချို့ကျတော့ မိဘရဲ့အမြော်အမြင်ကြီးမှုကြောင့်၊ တချို့ကျတော့ ဘာရယ်မဟုတ် အဖော်ကောင်းလို့၊ တချို့ကလည်းကိုယ်ပိုင်လုပ်ငန်းတွေမှာအသုံးချဖို့၊ အခြားရည်ရွယ်ချက်တွေလည်း ရှိကြမှာပေါ့လေ။ဘာ့ကြောင့်ပဲတက်တက်ဆရာမကတော့ အကျိုးရှိအောင် ဂရုတစိုက် လေ့လာစေချင်တယ်။ ကိုယ်တစ်လဖတ်ရမယ့်စာကို (၃)နာရီလောက်နဲ့သိသွားမယ်။ ကိုယ်မသိသေးတဲ့အကြောင်းအရာတွေကို သိသွားမယ်။ ဘာ့ကြောင့်လဲဆိုရင် ဆရာမတို့ဘာသာရပ်တွေဟာ လက်တွေ့ဘဝနဲ့ အင်မတန်နီးစပ်တယ်။အလုပ်ခွင်မှာနေ့တိုင်းကြုံတွေ့နေရတဲ့ ပြဿနာတွေနဲ့ နီးစပ်ပြီး ဖြေရှင်းနိုင်တဲ့ အတွေးအခေါ်တွေကိုပေးတယ်။

ခန့်ဖွဲ
(Business Management & Administration)

လက်ရှိကတော့ BMA တက်နေတာပေါ့။ ဒါပြီးသွားရင်တော့ Marketing သင်တန်းတွေနဲ့ အခြားဟာတွေ ဆက်တက်ဖို့ရှိတယ်။ အခုသင်တန်းကရတဲ့အတွေ့အကြုံတွေက လုပ်ငန်းအပေါ် အများကြီး အထောက်အကူပြုပါတယ်။ သင်တန်းကစာတွေ့တွေကော မိတ်ဆွေအပေါင်းအသင်းတွေကော ထပ်တိုးလာတယ်၊ သင်တန်းတွေပြီးသွားရင် ကိုယ်ပိုင်လုပ်ငန်းမှာဒီပညာတွေကောင်းကောင်းအသုံးချမှာပါ။ လူငယ်တွေအနေနဲ့ သင်တန်းရွေးချယ်ရာမှာ ကိုယ့်အလုပ်နဲ့ သက်ဆိုင်တဲ့သင်တန်းတွေတက်ခြင်းကအလုပ်မှာတစ်ခါတည်းအသုံးချပြီးသားဖြစ်သလို ပြီးရင်လည်း ဒီစာတွေကို လက်တွေ့မှာ အမှန်တကယ် ထိရောက်မှုရှိရှိ အသုံးချဖို့ လိုပါမယ်။

ကိုကိုမောင်
(Financial Management)

လောလောဆယ်တော့ ကုမ္ပဏီ ဝန်ထမ်းပေါ့။ အလုပ်မှာလည်း ငွေကြေးတွေကိုင်တွယ်ရတာတွေရှိတော့ ပိုပြီးနားလည်အောင် သင်တန်းတက်တာပါ။ ဒါပြီးရင် Finance ပိုင်းမှာ ပိုပြီးကျွမ်းကျင်အောင် လုပ်သွားဖို့ ရှိပါတယ်။ အလုပ်ကတော့ စက်တွေပြင်တဲ့အပိုင်းမှာ လုပ်တယ်၊ ပြင်တော့ဝန်ဆောင်ခလည်းရတယ်၊ တစ်ခါတစ်ရံလိုအပ်တဲ့ စက်ပစ္စည်းတွေ ကုန်ကျစရိတ်တွေ တွက်ပြီး ပြောရတာတွေရှိတော့ ပိုပြီး စနစ်တကျလုပ်နိုင်အောင်ပါ။ နောက်ပိုင်း လုပ်ငန်းထောင်ရင်လည်း သိအိုရီလည်း သိတယ်၊ လုပ်ငန်းအတွေ့အကြုံရှိတော့ အခက်အခဲမရှိနိုင်တော့ဘူးဆိုတော့ ဒါတွေကိုဆက်ပြီးလေ့လာအသုံးချသွားရဦးမှာပါ။

အောင်သော်ဟိန်း
(Tourism Management)

ကျွန်တော်ကဘွဲ့ရတာလည်းနှစ်လလောက်ပဲရှိသေးတယ်၊ ဒီ Tourism အပိုင်းစိတ်ဝင်စားတော့နဂိုကတည်းကပုဂံမှာ သင်တန်းသွားတက်တာလည်းရှိခဲ့တယ်။ လုပ်ငန်းခွင်အတွေ့အကြုံလည်းမရှိသေးတော့ သင်တန်းပြီးရင်တော့ ရလာမယ့်အသိအမှတ်ပြုလက်မှတ်လေးတွေနဲ့ဒီTourismလုပ်ငန်းကို ဝင်တိုးဖို့ရှိတယ်။ တခြားသင်တန်းတွေလည်းဆက်ပြီးတက်ဖို့ရှိတယ်။လုပ်ငန်းအတွေ့အကြုံရမယ်၊အခြေအနေလည်းပေးမယ်ဆိုရင်တော့ ဒါကိုကိုယ်ပိုင်လုပ်ငန်းတစ်ခုအနေနဲ့ လုပ်ဖို့တော့မှန်းထားတယ်ပေါ့။

ကျော့ရှင်းသန့်
(Business Management & Administration)

သင်တန်းစစုံစမ်းတော့ဒါပြီးသွားရင် အလုပ်အကိုင်အခွင့်အလမ်းလည်း များတယ်။ သံရုံးတွေက အလုပ်လာခေါ်တာလည်းရှိတယ်ဆိုတော့ညီမကတက္ကသိုလ်မှာ နိုင်ငံတကာဆက်ဆံရေးဘာသာကိုတက်နေတာဆိုတော့ ကိုယ်လျှောက်နေတဲ့လမ်းနဲ့ အများကြီးနီးစပ်မှုရှိတယ်။ သင်တန်းကော၊ကျောင်းကောပြီးသွားရင် အပြင်မှာအတွေ့အကြုံရအောင်လုပ်ငန်းခွင်တစ်နှစ်လောက်လုပ်မယ်၊ ပြီးသွားရင်တော့ဒီလိုင်းနဲ့ပဲနိုင်ငံတကာမှာထပ်ပြီးကျောင်းသွားတက်ဖို့ရှိပါတယ်။

သီရိဝင်းမောင်
(Marketing)

အစ်မကBusinessManagement ပြီးတော့ MBA တန်းတက်ဖြစ်ခဲ့တယ်။ အဲနောက်အလုပ်အတွေ့အကြုံရအောင် တစ်နှစ်လောက်လုပ်ငန်းခွင်ဝင်တယ်၊အခု Marketing သင်တန်းကိုပြန်တက်တာပါ။ အစ်မအလုပ်က Brand ပစ္စည်းတွေကိုဖြန့်တာဆိုတော့ ဒီသင်တန်းနဲ့လည်း အများကြီးသက်ဆိုင်တယ်။ သင်တန်းတက်တော့ New Idea တွေထပ်ရလာတယ်။ ကမ္ဘာကျော် Brand တွေက ဘယ်လိုတွေ လုပ်ခဲ့တယ်ဆိုတာပေါ့။ အဲတော့ သင်တန်းပြီးသွားရင် အလုပ်တော့ဆက်လုပ်မယ်၊ပိုကောင်းတဲ့အလုပ်ကိုပြောင်းတာလည်းဖြစ်ချင်ဖြစ်မယ်၊သင်တန်းအတွေ့အကြုံတွေ အသုံးချနေရင်းနဲ့ လိုအပ်မယ်ဆိုရင် သင်တန်းတက်ပြီး ဆက်လေ့လာပါဦးမယ်။

သျှားသျှားထွေး
(Financial Management)

သင်တန်းပြီးသွားရင် ကိုယ့်သူငယ်ချင်းတွေ ဆရာတွေနဲ့ပေါင်းပြီး Hotel Operation ပိုင်းနဲ့ပတ်သက်တဲ့လုပ်ငန်းလုပ်ပါမယ်၊အကြံပေးကုမ္ပဏီသဘောပါ။ အရင်က Hotel ပိုင်းနဲ့ပတ်သက်ပြီး ဌာနအားလုံးနီးပါးလုပ်ခဲ့တယ်၊ စာရင်းဇယားလည်းကိုင်တွယ်ခဲ့တဲ့ အတွေ့အကြုံတွေရှိတော့ ကိုယ်ပိုင်လုပ်ငန်းလုပ်မှာပါ။ ကိုယ်ပိုင်လုပ်ငန်းဆိုတော့ အခက်အခဲတစ်ခုကို တိတိကျကျနဲ့ နားလည်အောင်လုပ်ဖို့နဲ့ တခြားစိန်ခေါ်မှုတွေကတော့ ရှိလာမှာပါ။အရင်တုန်းကလည်းFinance တက်ထားတယ်၊ အခု Business Management ကို ထပ်တက်ထားတာဆိုတော့ ဒီအသိတွေ၊ လုပ်ငန်းအတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီး အကောင်းဆုံးအသုံးချသွားပါမယ်။

စန်းမြင့်အောင်(NCC)

သင်တန်းကစာတွေ့ဆိုတော့ဒါပြီးရင် ကုမ္ပဏီတစ်ခုခုမှာ အတွေ့အကြုံရအောင် (၂)နှစ်လောက်ဝင်လုပ်မယ်။ပြီးရင်ကိုယ်ပိုင်လုပ်ငန်းလုပ်သွားဖို့ရှိတယ်။ ကိုယ်ပိုင်ဆိုတော့အမြဲတမ်းမြင့်တက်လာအောင် လုပ်သွားဖို့တော့လိုပါမယ်။ တစ်ခါရင်းပြီးရင်သိပ်ပြီးထပ်ရင်းစရာမလိုတဲ့ဟိုတယ်လုပ်ငန်းတို့၊ တည်းခိုခန်းလုပ်ငန်းမျိုးတွေကိုတော့ စိတ်ဝင်စားတယ်။ ကိုယ်ပိုင်လုပ်ငန်းကတော့စစချင်းချင်းအသေးကစတာပဲကောင်းပါတယ်။မိဘတွေကိုလည်းကိုယ်ပိုင်လုပ်ငန်းလုပ်ဖို့ပြောထားတယ်။ အရင်အိမ်အလုပ်တွေမှာတော့အဆင်ပြေသလိုလုပ်တာပဲ၊ အခုတော့ သင်တန်းအတွေ့အကြုံတွေရသင့်သလောက်တော့ရနေပြီ၊ စီမံခန့်ခွဲမှုဆိုတာ ဝန်ထမ်းတွေကို အော်ငေါက်နေရုံနဲ့ မပြီးဘူးပေါ့၊ ဒါတွေကို အကောင်းဆုံးအသုံးချပြီး လုပ်ငန်းလုပ်ဖို့ရှိတယ်။

now in Myanmar in partnership with **STRATEGY FIRST INSTITUTE**

SIGNATURE

M.B.A

Strategy First ကျွန်တော်တို့ Stamford International ရဲ့ MBA program ကတော့ ပြင်ပကနေတဆင့် သင်ကြားပေးမယ့်ပြည်တွင်းပညာပေး

Stamford International University သည် ကမ္ဘာတဝှမ်းရှိ အကြီးဆုံး အဆင့်မြင်ကျောင်းတွေကို အဖွဲ့ဝင်ရယူပေးတဲ့ Laureate Other Business Arm ကတဆင့် ကမ္ဘာ့ကျော်ကြားတဲ့ ပညာတတ်ကြီးတွေ

ကမ္ဘာတဝှမ်းက Stamford International University ကနေ သင်ကြားပေးနေတဲ့ MBA ကတော့ အရည်အသွေးမြင့်မြင့် အနေနဲ့ အရည်အသွေးမြင့်ပြီး ကမ္ဘာ့ကျော်ကြားတဲ့ ပညာတတ်ကြီးတွေ ကနေ သင်ကြားပေးတဲ့ ပြင်ပကနေ ကျောင်းတက်ခွင့်ကို အသုံးပြုပြီး အသုံးပြုပုံတွေ ဖွံ့ဖြိုးတိုးတက်လာအောင် ကူညီပေးနိုင်ပြီးတော့ (ဝန်) ဝန်ထမ်းတွေ ကနေ ကြည့်ရှုနိုင်ပါတယ်

- သင်ကျင့်ကာသေချာကြို့ ဆိုကြား (ဝ) ရက်အနည်းငယ် အခြားကိုယ်ပိုင် ပြောပါဘသည်။ ဝေးဝေးသေချာပါတယ်။ - 09 450177770

No. 1 General Plaza Pyay Road, Mayangone Township, Yangon | Yangon Office, Room 1, Floor 1, Yangon Tower, Pyay Road, Kamayut Township, Yangon | Apply Now - (09) 450177770

Monkey King 2

SFJ Team

Monkey King ဟောက်ဘုရင်ဆိုတဲ့ ဇာတ်ကားကမြန်မာရုပ်ရှင်ပရိသတ်တွေကြိုက်နှစ်သက်တဲ့ စွန်းဝူခုန်းဇာတ်လမ်းကို Effect အလန်းစားတွေနဲ့ ပြန်လည်ဖန်တီးထားတဲ့ ဇာတ်ကားပဲဖြစ်ပါတယ်။ Monkey King 1 ဇာတ်ကားက ၂၀၁၄ ခုနှစ်မှာ ထွက်ရှိခဲ့ပြီး ပရိသတ်တွေရဲ့အားပေးမှုကို ရရှိခဲ့ပါတယ်။ စွန်းဝူခုန်းဆိုရင် ကလေးကအစ လူကြီးအထိ ကြိုက်နှစ်သက်ကြပြီး ဟောက်ဘုရင်ကြီး စွန်းဝူခုန်းဇာတ်ကားတွေက ဟိုးယခင်ကနေ ယနေ့အချိန်အထိ ဟောက်ဘုရင်ကြီးကို ချစ်ခင်နှစ်သက်စွာ ကြည့်ရှုနေကြဆဲပါပဲ။

Monkey King 1 မှာ စွန်းဝူခုန်းအဖြစ် IP Man ဇာတ်ကားများနဲ့ ကျော်ကြားတဲ့ မင်းသား Donnie Yan က ပါဝင်သရုပ်ဆောင်ခဲ့ပြီး ကျောက်စိမ်းအင်ပါယာအရှင်အဖြစ် နာမည်ကျော်မင်းသား Chow Yun-fat က ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ Monkey King 1 မှာ စွန်းဝူခုန်း စတင်မွေးဖွားလာရာကနေ စတင်ရိုက်ကူးပြသခဲ့ပြီး နတ်ပြည်မှာ သောင်းကျန်းတဲ့အထိရိုက်ကူးပြသခဲ့ပါတယ်။ Monkey King 2 မှာ နတ်ပြည်မှာ ဆိုးသွမ်းခဲ့တဲ့ စွမ်းဝူခုန်းဟာ ဘုရားရဲ့ အပြစ်ပေးခြင်းကို လက်ငါးချောင်းတောင်အောက်မှာနှစ်ငါးရာချုပ်နှောင်ခံထားရတဲ့ အခန်းကနေ ပြန်လည်စတင်ထားပါတယ်။

စွန်းဝူခုန်းကအနောက်ဘက်ဒေသသို့သွားရောက်ပြီး ကျမ်းစာပင့်ဆောင်မယ့် ထန်ဆန်းကိုယ်တော်နဲ့ တွေ့ရှိပြီး ကျမ်းစာပင့်ဆောင်မယ့် ခရီးစဉ်မှာ ပါကျဲ၊ ရှားဝူကျင်းတို့အတူ ခရီးထွက်လာခဲ့ပါတယ်။ အရိုးဖြူမိစ္ဆာက ထန်ဆန်းကိုယ်တော်ကို စားသုံးမယ်ဆိုရင် ထာဝရရှင်သန်ခြင်းကို ရရှိမယ်ဆိုတဲ့ အယူနဲ့ ထန်ဆန်းကိုယ်တော်ကို သတ်ဖြတ်ဖို့ အမျိုးမျိုးကြံစည်လာပါတယ်။ ခရီးစဉ် တစ်ထောက်နားဖို့ စွန်းဝူခုန်းတို့ ရောက်ရှိသွားတဲ့ တိုင်းပြည်မှာ ကလေးငယ်အများအပြားပျောက်ဆုံးနေပြီး ဘုရင်ကဝူခုန်းတို့ကိုအရိုးဖြူမိစ္ဆာကိုနှိမ်နင်းပေးဖို့ အကူအညီတောင်းလာပါတယ်။ ဝူခုန်းတို့ကို အရိုးဖြူမိစ္ဆာက ဘယ်လိုမျိုးထောက်ချောက်စင်ပြီး တိုက်ခိုက်လာမလဲ၊ ကလေးငယ်တွေကရော ဘာလိုပျောက်ဆုံးနေတာလဲဆိုတာတွေကို ဆက်လက်ကြည့်ရှုခံစားကြပါလို့ တိုက်တွန်းပါရစေ။

စွန်းဝူခုန်းဇာတ်လမ်းက ဇာတ်လမ်းတွဲအဖြစ်ရော၊ရုပ်ရှင်အဖြစ်ပါဇာတ်ကားများစွာကို ဖန်တီးထုတ်လုပ်ခဲ့ကြပါတယ်။ Monkey King 1 မှာတော့ ယခင်ဇာတ်ကားများနဲ့မတူဘဲ ခေတ်မီနည်းပညာတွေ အသုံးပြုပြီး အရည်အသွေးကောင်းမွန်တဲ့ Effect တွေကြောင့် ကြည့်ရှုရတာထူးခြားကောင်းမွန်ခဲ့သလို Monkey King 2 ကိုလည်း ဝူခုန်းချစ်ပရိသတ်တွေ ဆက်လက်ကြိုက်နှစ်သက်ဦးမှာ သေချာပါတယ်။

Monkey King 1 မှာ ဝူခုန်းရဲ့ရန်သူတော်ကျွဲမိစ္ဆာအဖြစ်သရုပ်ဆောင်ခဲ့တဲ့ Aaron Kwok က Monkey King 2 မှာ ဟောက်ဘုရင်ကြီး စွန်းဝူခုန်းအဖြစ် သရုပ်ဆောင်ထားပါတယ်။ အရိုးဖြူမိစ္ဆာအဖြစ်တရုတ်နာမည်ကျော်မင်းသမီး Gong Li က သရုပ်ဆောင်ထားပါတယ်။

■

စာမျက်နှာ - ၂ မှ အဆက်

ဘဝအဆင့်မြင့်မားလာနိုင်သလို ဘာမှအကျိုးမရှိတာလည်း ဖြစ်နိုင်ပါတယ်။ အကြမ်းဖျင်းအားဖြင့်တော့ အောက်ပါအကျိုးကျေးဇူးတွေ ရနိုင်ပါတယ်။

၁။ လုပ်ငန်းဦးဆောင်မှုအပိုင်း၊ရာထူးမြင့်များ တာဝန်ယူရန် အဆင်သင့်ဖြစ်ခြင်း
၂။ အလုပ်အကိုင် အခွင့်အလမ်း ရွေးချယ်စရာ ပိုများလာနိုင်ခြင်း
၃။ မိတ်ကောင်းများ ရနိုင်ခြင်း
၄။ စီးပွားရေးလောကနင့် စီမံခန့်ခွဲမှု သဘောတရားများကို ခြုံငုံသိရှိနိုင်ခြင်း
၅။ ကိုယ်ပိုင်လုပ်ငန်းအတွက် အထောက်အကူဖြစ်ခြင်း
၆။ လစာ မြင့်မားနိုင်ခြင်း
၇။ အသက်မွေးဝမ်းကြောင်း ပြောင်းရန် အဆင်ပြေခြင်း

MBA တက်ရင် သတိထားသင့်သည့် အချက်များ

၁။ ငွေကြေးအကုန်အကျများမယ်။ သင်တန်းကြေးအပြင်၊ လူမှုရေး ကုန်ကျစရိတ်တွေ ရှိနိုင်ပါတယ်။

၂။ အချိန်ကုန်မယ်။
၃။ စာများတယ်။ အလုပ်တစ်ဖက်၊ လူမှုရေးတွေနဲ့ ပင်ပန်းမယ်။

၄။ စီးပွားရေး ဘာသာရပ်တစ်ခုချင်းကို ထဲထဲဝင်ဝင် သင်ကြားပေးခြင်း မဟုတ်တဲ့ အတွက် ကိုယ်ကျွမ်းကျင်လိုတဲ့ ဘာသာရပ်ကို ထပ်လေ့လာရဦးမှာဖြစ်ပါတယ်။

၅။ မဟာဘွဲ့အဆင့်ဖြစ်တဲ့အတွက် မိမိ ဘာသာလေ့လာရတာတွေ၊ သုတေသန လုပ်ရတာတွေ၊ အတန်းဖော်တွေဆီက လေ့လာရတာများပြီး ဆရာတွေက အသေးစိတ်မရှင်းပြတာတွေ ကြုံရပါမယ်။

၆။ MBA ပြီးတဲ့အခါ မိမိကိုယ်ကိုယုံကြည်မှုများလွန်းတာကြောင့်အလုပ်ခွင်ကစနစ်တွေကို မလိုက်နာချင်တာတွေ၊ အံဝင်ခွင်ကျ မဖြစ်တာတွေရှိတတ်ပါတယ်။

၇။ အလုပ်အကိုင်အတွေ့အကြုံမရှိတဲ့ MBA ဘွဲ့ရတွေအတွက် လစာဟာ ထင်သလောက် မကောင်းနိုင်ပါဘူး။

MBA တွေ များလာတာနဲ့အမျှ အလုပ်ခန့်တဲ့ လူတွေဘက်ကလည်း ရွေးချယ်လာကြပါတယ်။ MBA တိုင်းကို အထင်ကြီးပြီး ခန့်မှာ မဟုတ်ပါဘူး။

အလုပ်အကိုင်အတွက်ဆိုရင် ကိုယ်တက်တဲ့တက္ကသိုလ်ရဲ့ဂုဏ်သတင်းဟာ အရေးကြီးပါတယ်။ အဲဒီ့ ဂုဏ်သတင်းပေါ်မှာ မူတည်ပြီး အကျိုးကျေးဇူးကလည်း တော်တော်ကွဲပြားနိုင်ပါတယ်။ MBA ဘွဲ့ရတာချင်းတဲ့တူရင်တောင် တက္ကသိုလ်နဲ့ နိုင်ငံကြည့်ပြီး လစာတွေ ကွဲလာနိုင်ပါတယ်။

အလုပ်မှာ ဆက်လက်တိုးတက်ဖို့ကတော့ ကိုယ့်ဘက်က ရလဒ်ကောင်းအောင် တကယ်လုပ်ပြနိုင်တဲ့ပေါ်မှာ အများကြီးမူတည်ပါတယ်။ ဘွဲ့နဲ့ အသိပညာသာမကဘဲ မိမိရဲ့တခြား Soft Skills လို့ခေါ်တဲ့ ကျွမ်းကျင်မှုတွေအပေါ်မှာလည်း အများကြီး မူတည်တယ်ဆိုတာလည်း သတိပြုရမှာဖြစ်ပါတယ်။

MBA မတက်သေးရန် အကြံပြုသူများ

အလုပ်နဲ့ ဆက်စပ်သင်ယူရမှာ ဖြစ်တဲ့ အတွက် ကျောင်းပြီးစ အလုပ်မဝင်ချင်သေးတာကြောင့် MBA တက်လိုတဲ့သူတွေ၊ အလုပ်အကိုင် အတွေ့အကြုံမရှိသေးသူတွေကို MBA မတက်သေးဖို့ အကြံပြုပါတယ်။ အခြားစီးပွားရေးသင်တန်းတွေ၊ ဒီပလိုမာတွေကို စမ်းတက်ကြည့်ပြီးမှသာ MBA တက်သင့်ပါတယ်။

MBA ရွေးချယ်သည့်အခါ စဉ်းစားသင့်တဲ့အချက်များ

အရင်ဆုံးစဉ်းစားရမှာကတက်ဖို့လိုပြီလား၊ ဘာလို့တက်မှာလဲ၊ ကိုယ် MBA ရရင် ဘယ်လို အခွင့်အလမ်းတွေရှိလာမလဲ၊

တက်ဖို့လိုပြီဆိုရင် အချိန်ယူ ကြိုတင်စုံစမ်းပါ။ အလောတကြီး မဆုံးဖြတ်ပါနဲ့။

ကိုယ်တက်လို့ရတာ ဘယ်လို Program တွေရှိလဲ၊ ပြည်တွင်းမှာ တက်ချင်တာလား၊ ပြည်ပမှာ တက်ချင်တာလား၊

ကိုယ်စိတ်ဝင်စားတဲ့ MBA Program အချက်အလက်များကိုစာရင်းပြုစုပါ။ နှိုင်းယှဉ်ပါ။

၁။ တက္ကသိုလ်ရဲ့သမိုင်းကြောင်း၊ ဂုဏ်သတင်း၊ အသိအမှတ်ပြုမှုနဲ့ အဆင့်
၂။ တက်ရောက်နိုင်တဲ့ Program အမျိုးအစားများ
၃။ ဝင်ခွင့်သတ်မှတ်ချက်
၄။ ကြာချိန်
၅။ သင်ယူရမယ့် ဘာသာရပ်များ
၆။ သင်ကြားမယ့် ဆရာ/မများ
၇။ အတန်းချိန်၊ အလုပ်ချိန်နဲ့ အဆင်ပြေမပြေ
၈။ အတန်းက လူများလား၊
၉။ ဝန်ဆောင်မှုပိုင်းမှာ ဘာတွေကောင်းလဲ?
၁၀။ အလုပ်အကိုင်အကြံပေးတဲ့ ဝန်ဆောင်မှုတွေရှိလား?
၁၁။ ပညာသင်ဆုတွေ၊ သက်သာခွင့်တွေ ရှိနိုင်လား?
၁၂။ Notable Alumni - ဘယ်လို လူတွေ တက်ခဲ့လဲ? အတန်းဖော်တွေက ဘယ်လိုလူတွေလဲ?
၁၃။ Alumni Services - ဘွဲ့ရပြီးတဲ့အခါ ဘယ်လို ဝန်ဆောင်မှုတွေရှိမှာလဲ?
၁၄။ ကုန်ကျစရိတ် - ပေးချေရတဲ့ပုံစံ

STRATEGY FIRST ကပေးအပ်မယ့် ဒေါ်လာတစ်သောင်း MBA ပညာသင်ဆု

"Why I believe an MBA is more valuable than a car for me"

မင်္ဂလာပါ

ကျွန်တော် MBA တက်ချိန်တုန်းက ကုန်ကျစရိတ် ပမာဏကြီးတဲ့အတွက် ငွေကြေး အခက်အခဲရှိခဲ့ပါတယ်။ မိဘဆွေမျိုးတွေရဲ့ကူညီ ပံ့ပိုးမှုနဲ့သာ University of Nottingham Malaysia Campus မှာ တက်ရောက်နိုင်ခဲ့ ပါတယ်။ MBA ကြောင့် အလုပ်တွေအများကြီး လုပ်ဖို့ကျွမ်းကျင်မှု၊အသိပညာနဲ့ယုံကြည်မှုတွေ ရလာခဲ့ပါတယ်။ ဘဝမှာ တိုးတက်မှုတွေ ရခဲ့ ပါတယ်။

အခုလို ပံ့ပိုးပေးခဲ့တာကို အမှတ်တရ ရှိတဲ့ အနေနဲ့ MBA တက်ရောက်ဖို့ အရည်အချင်း ပြည့်မီသော်လည်း ငွေကြေးအခက်အခဲရှိသူ တစ်ဦးကို MBA တက်ဖို့ ကူညီထောက်ပံ့ပေး ချင်ပါတယ်။

MBA သင်တန်းကြေးက ကားတစ်စီးစာ ဝယ်လို့ရပါတယ်။ ဒါပေမဲ့ ရည်မှန်းချက်ကြီး မားသူတွေအတွက်တော့ MBA သင်တန်းဟာ အထူးကောင်းမွန်တဲ့ ဘဝအားဆေးတစ်ခုပါ။

STRATEGY FIRST မှာ တက်ရောက်နိုင်တဲ့ Stamford International University ရဲ့ Signature MBA နဲ့ Heriot-Watt University, Edinburgh Business School MBA တစ်နှစ်ခွဲကြာ အစီအစဉ်နှစ်ခုမှ တစ်ခုကို တက် ရောက်နိုင်ဖို့ ဒေါ်လာတစ်သောင်း ပညာသင်ဆု ချီးမြှင့်မှာဖြစ်ပါတယ်။

STRATEGY FIRST ဘက်မှလည်း ကား တစ်စီးစာငွေကြေးကိုစိုက်ထုတ်ထည့်ဝင်ရသည့် ပညာသင်ဆုဖြစ်သည့်အတွက်ဒီEssayခေါင်းစဉ် ကို ရွေးချယ်ရတာဖြစ်ပါတယ်။ ငွေကြေးပိုလျှံ လွန်းလို့ပေးတာတော့မဟုတ်ပါ။ ဒီပညာသင် ဆုဟာ ကျွန်တော်တို့ **STRATEGY FIRST** ကျောင်း သား/သူ ဟောင်း၊သစ် ဆရာ/ဆရာမများ၊ အဖွဲ့သားများရဲ့ပညာဒါနဖြစ်ပါတယ်။

MBA အထူး တက်ရောက်လိုသော်လည်း ငွေကြေးမလုံလောက်သူများအတွက် စီစဉ်ပေး ခြင်းဖြစ်ပါသည်။ ကျေးဇူးပြုပြီး MBA တက်ရန် (သို့) ကိုယ်ပိုင်ကားဝယ်နိုင်သူများ မလျှောက် ထားစေချင်ပါဘူး။ မလျှောက်ထားခြင်းဖြင့်ကိုယ် တိုင်လည်း သူများကို အခွင့်အရေးတစ်ခု ပါဝင် လျှုဒါန်းတယ်လို့ သဘောထားစေချင်ပါတယ်။

လေးစားစွာဖြင့်
အောင်ချစ်ခင်
(MD/ Founder)

MBA & Scholarship Information Day

8 May 2016 (တနင်္ဂနွေနေ့) - နေ့လည် (၁)နာရီမှ (၂)နာရီခွဲ
Strategy First Pyay Road Campus
Join Here: http://bit.ly/23sqEzt

MBA ဘွဲ့များ၏ သဘောသဘာဝများ၊ **STRATEGY FIRST INSTITUTE** တွင် လေ့လာနိုင်သော UK နိုင်ငံ Heriot-Watt University မှ MBA Program နှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Stamford International University မှ MBA Program များအကြောင်းကို ရှင်းလင်း ပြောပြပေးပါမည်။

ကျောင်းသား/ ကျောင်းသူဟောင်းများ အတွက် သင်တန်းကြေးကင်းလွတ်ခွင့်ရရှိမည့် အစီအစဉ်များ၊ဒေါ်လာတစ်သောင်း MBAပညာ သင်ဆုအကြောင်းကိုလည်း ရှင်းပြပေးသွားမှာ ဖြစ်ပါတယ်။

သတ်မှတ်ချက်များ

၁။ ဘွဲ့တစ်ခုရရှိထားပြီး လုပ်သက် အနည်းဆုံး (၃) နှစ်ရှိရပါမယ်။
၂။ MBA ဘွဲ့ရထားပြီးသူများ မဖြစ်စေရ။
၃။ အင်္ဂလိပ်စာ ကျွမ်းကျင်မှုရှိပြီး IELTS Result 6.0 အဆင့်ရှိရန် လိုပါသည်။ IELTS မဖြေဆိုရ သေးလျှင်လည်း ဆန်ကာတင် အရွေးခံရပါက ကျောင်းမှာ စစ်ဆေးပေးမှာဖြစ်ပါတယ်။
၄။ မည်သည့်ကျောင်းမှမဆို အနည်းဆုံး (၃) လ တက်ရသော စီးပွားရေးဆိုင်ရာ သင်တန်းလက် မှတ် တစ်ခုရရှိထားရပါမည်။ စီမံခန့်ခွဲမှုဆိုင်ရာ သင်ယူမှုအပေါ် လေးနက်မှုရှိကြောင်း စိစစ်ခြင်း ဖြစ်ပါသည်။

ပေးပို့ရန်

၁။ Why I believe an MBA is more valuable than a car for me ခေါင်းစဉ်ဖြင့် အများဆုံး စာလုံးရေ ၈၀၀ အင်္ဂလိပ်ဘာသာဖြင့် Essay
၂။ တက်ရောက်ချင်သော MBA Program - ရွေးချယ်ရသည့်အကြောင်း (မြန်မာဘာသာဖြင့် တစ်မျက်နှာခန့်)
၃။ CV Form
၄။ IELTS ဖြေဆိုထားပါက အမှတ်စာရင်း
၅။ စီးပွားရေးသင်တန်းဆင်းလက်မှတ်နှင့်အခြား ပညာရေး အထောက်အထား မိတ္တူတို့ကို ပေးပို့ ရမည်ဖြစ်ပါသည်။

ပေးပို့ရန် လိပ်စာ

STRATEGY FIRST INSTITUTE ၏ e-mail ဖြစ်သော info@mystrategyfirst.com သို့ သော်လည်းကောင်း၊ **STRATEGY FIRST INSTITUTE** မြေညီထပ်၊ ပန်းခြံတာဝါ၊ ဓမ္မစေတီလမ်းနှင့် ဗားဂရာလမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်း ကောင်း ဆက်သွယ်ပေးပို့နိုင်ပါသည်။ ဖုန်း နံပါတ် - 09-250717166~68၊01-539132 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

Important Dates

15 May 2016 - နောက်ဆုံးထားပြီး လိုအပ်သော စာရွက်စာတမ်းအားလုံး ပေးပို့ လျှောက်ထားရမည်။

17 May 2016 - ဆန်ကာတင် (၅) ဦး စာရင်းကို ကြေညာပေးပါမည်။

18 May 2016 - ရွေးချယ်ရေးအဖွဲ့မှ ဆန်ကာတင် (၅) ဦးကို လူတွေ့စစ်ဆေးပါမည်။

19 May 2016 - ရွေးချယ်ခံရသူကို ကြေညာပေးပါမည်။

Terms and Conditions

၁။ မြန်မာနိုင်ငံသားဖြစ်ရပါမည်။
၂။ပညာသင်ဆုကိုလုံးဝလွှဲပြောင်းခွင့်မရှိပါ။
၃။ ငွေသားဖြင့် တစ်စိတ်တစ်ပိုင်းသော် လည်းကောင်း၊ အလုံးစုံသော်လည်းကောင်း လဲ လှယ်ခွင့်လည်းမရှိပါ။ ငွေပြန်အမ်းခြင်းရှိမည် မဟုတ်ပါ။
၄။ဒေါ်လာတစ်သောင်းMBAပညာသင်ဆု ရရှိသောအခါ - ရန်ကုန်မြို့**STRATEGY FIRST**တွင် တက် ရောက် နိုင် သည့် Stamford International University ၏ Signature MBA နှင့် Heriot-Watt University, Edinburgh Business School - General MBA တစ်နှစ်ခွဲကြာ အစီအစဉ်နှစ်ခုမှ တစ်ခုကို ရွေးချယ်တက်ရောက်ရမည်ဖြစ်ပါသည်။
၅။ဒေါ်လာတစ်သောင်းကို အခြားသင်တန်း များတွင် အသုံးပြုခွင့်မရှိပါ။
၆။ သင်တန်းကို ၂၀၁၆ မေလကုန်တွင် ဖွင့်လှစ်မည့် MBA ပထမ အသုတ် (သို့) ဒုတိယအသုတ်တွင် တက်ရောက်နိုင်ရပါမည်။
၇။ Stamford Signature MBAအတွက် သင်တန်းကြေး ထပ်မံသွင်းစရာ မလိုတော့ဘဲ EBS General MBA ကိုရွေးချယ်လိုပါက ကျန်ရှိသော သင်တန်းကြေး သိန်း ၅၀ ကျော်ကို ထပ်မံပေးသွင်းရပါမည်။ နိုင်ငံတကာလေ့လာရေး ခရီးသွားများကို မိမိသဘောဖြင့်လိုက်ပါလိုလျှင် ကုန်ကျစရိတ်များကို ကိုယ်တိုင်ကျခံရမည် ဖြစ် ပါသည်။

စာ - ၉ သို့

CV ဘယ်လိုရေးမလဲ

CVဆိုတာအလုပ်လျှောက်တဲ့အခါမှာအရမ်းအရေးပါ.ပါတယ်။လူကိုယ်တိုင်မတွေ့ရသေးခင်မှာကိုယ့်ကို CVကိုကြည့်ပြီးကိုယ့်အရည်အချင်းတွေကိုဆုံးဖြတ်မှာဖြစ်တာကြောင့်ကိုယ့်အကြောင်းကို ကောင်းကောင်းမွန်မွန် ပုံဖော်ပေးနိုင်မယ့် CV တစ်စောင်ဖြစ်ဖို့ လိုပါတယ်။CV မှာ ဘာတွေပါဝင်ရမလဲဆိုတာကို သိရဖို့အတွက် နမူနာတစ်ခုကို ဖော်ပြလိုက်ပါတယ်။

Ma Aye Aye

1002, Panchan Tower, Myaynigone,
Sanchaung Tsp, Yangon, Myanmar.
Ph: 09-250717166-67-68, e-mail info.strategyfirst@gmail.com

PERSONAL PARTICULARS

Age	:	22 years
Date of Birth	:	1 May 1992
Nationality	:	Myanmar
Gender	:	Female
Marital Status	:	Single
NRC Number	:	5/WaLaNa(N)113411

EDUCATION

High School Certificate – Distinction in Mathematics and Chemistry (2008)
Basic Education High School, Hla Taw Township

Bachelor of Community Health (January, 2013)
University of Community Health, Magway

Single Subject Diploma in Business Management & Administration (June 2014)
120-hour program taught by Prof Dr Daw Hla Myint, D.Litt (YIE), M.Com, B.Com (Hons)
Study Center : Strategy First Institute, Yangon, Myanmar
Awarding Body : Institute of Commercial Management, UK

Single Subject Diploma in Marketing Management (Awaiting Results - exam finished in June 2016)
120-hour program taught by Dr.U Sein Min, PhD (Passua), M.Com, B.Com (Hons) and
U Aung Chit Khin, Founder/Managing Director, MBA (Nottingham), PG Dip M (CIM, UK)
Study Center : Strategy First Institute, Yangon, Myanmar
Awarding Body : Institute of Commercial Management, UK

Single Subject Diploma in Sales & Sales Management (Completing in Dec 2016)
120-hour program taught by U Soe Oo, MBA (YIE), BSc (Physics)
Study Center : Strategy First Institute, Yangon, Myanmar
Awarding Body : Institute of Commercial Management, UK

PROFESSIONAL DEVELOPMENT

Certificate in Basic Computing (September- October 2013)
KMD Computer Center, Magway

First Aid Training (January, 2014)
Red Cross Society, Magway

Certificate in Pre-Intermediate Level English (July - October 2015)
Lawka Ahlin Education Centre, Magway

Certificate in Essential Career Skills for Business (August 2015)
Strategy First Institute, Yangon
Topics studied: Customer Service, Selling Skills, Introduction to Business Organizations, Effective Communication Skills, Basic Financial Literacy

WORKING EXPERIENCE

Management Trainee, XYZ Co., Ltd.
(December 2012 – December 2014)
- Assisted to develop marketing strategies for new product launched in March 2013
-Assisted to analyze market analysis information using computer software Microsoft Excel

Customer Service Supervisor, City Pharmacy Co., Ltd.
(January 2015 – Present)
- Assisted Customer Service Manager to maintain good customer relations through providing necessary information required by clients
-Wrote documents assigned by Customer Service Manager

VOLUNTEERING

2004 – 2008 Group Leader, Township Library Reader Group, Magway
2009 – 2013 Member, Social Care Volunteer Group, Magway

COMPUTER SKILLS

MS Office, Adobe Photoshop

LANGUAGE SKILLS

	Spoken	Written
English	Fair	Fair

REFERENCES

U Aung Chit Khin
Founder/ Managing Director
STRATEGY FIRST INSTITUTE
Tel : 09-250 717166-67-68
e-mail:aungchitkhin@mystrategyfirst.com

Daw Hla Kyi
General Manager
XYZ Co., Ltd.
Tel : 01-543210
e-mail : hlakyi@gmail.com

စာမျက်နှာ - ၈ မှ အဆက်

၈။ပညာသင်ဆုရသူသည်ကျောင်းမှသတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပြီး စံပြကျောင်းသား/သူ အဖြစ် သတ်မှတ်ချိန်အတွင်း MBA ပြီးဆုံးအောင် တက်ရပါမည်။

၉။ ခိုင်လုံသော အကြောင်းပြချက်ကောင်းမရှိဘဲ MBAအစီအစဉ်မှရပ်တန့်ခြင်း၊ထွက်ခြင်းဖြစ်ပေါ်လာပါက သိန်း ၅၀ ပေးလျော်ရပါမည်။

၁၀။ စာမေးပွဲ ကျရှုံးခြင်းများရှိပါက မိမိကိုယ်ပိုင်ငွေဖြင့် ထပ်မံပေးဆောင်ရပါမည်။

၁၁။ ဆန်ကာတင် (၅) ဦးကို **STRATEGY FIRST**တွင်နှစ်သက်ရာသင်တန်းများတက်နိုင်ရန် (၅) သိန်းကျပ် တန်ဖိုးရှိ ပညာသင်ဆုတစ်ဆုစီ ချီးမြှင့်မှာဖြစ်ပါတယ်။

၁၂။ ပညာသင်ဆုမရရှိသူများသည် နောင်အခွင့်အရေးရှိသောအခါ ထပ်မံလျှောက်ထားနိုင်မှာဖြစ်ပါတယ်။

၁၃။ ပညာသင်ဆုရရှိသူသည် နိုင်ငံတိုးတက်မှုအတွက် အကျိုးရှိစေသော လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး လိုအပ်သူများကို ဆက်လက်ကူညီမည်ဟု ဆန္ဒပြုပါသည်။

ရွေးချယ်ရေးအဖွဲ့

ဆန်ကာတင် (၅)ဦးကို **STRATEGY FIRST** မှ ဆရာ/ ဆရာမကြီးများက ဦးဆောင်ရွေးချယ်ပေးပြီး နောက်ဆုံး MBA ပညာသင်ဆုရရှိသူကို **STRATEGY FIRST** ၏ နာယကကြီးများမှ ရွေးချယ်ပေးမှာဖြစ်ပါတယ်။

MBA သင်တန်းများအကြောင်းလေ့လာရန်

- http://bit.ly/1T0QTdG
Stamford International MBA
အကြောင်းလေ့လာရန် -
http://bit.ly/1VLnLKS
EBS MBA အကြောင်း လေ့လာရန် -
http://bit.ly/23sj3Rt

ကုမ္ပဏီကြီးများအတွက်အထူးအစီအစဉ်

ကုမ္ပဏီကြီးများအနေဖြင့်မိမိတို့၏ကုမ္ပဏီမှ ဝန်ထမ်းများကို Scholarship များ ပေးအပ်လိုပါကလည်း **STRATEGY FIRST** မှ ရွေးချယ်မှုပိုင်းဆိုင်ရာများတွင် ပါဝင်ကူညီပေးသွားမည်ဖြစ်သည်။

မှတ်ချက် - **STRATEGY FIRST** သည် ဆေးလိပ်၊ ဘီယာ၊ အရက်ကုမ္ပဏီများ၊ အချို့ MLM ကုမ္ပဏီများနှင့် ၄င်းတို့၏ဝန်ထမ်းများကို ဝန်ဆောင်မှုမပေးပါ။



လူငယ်တွေ လက်မလွှတ်တမ်း လျှောက်ထားသင့်တဲ့ အမေရိကန်အစိုးရပေးတဲ့ပညာသင်ဆုတချို့ကို ဖော်ပြပေးလိုက်ပါတယ်။

2017 Fulbright Foreign Student Scholarship

အမေရိကန်နိုင်ငံမှာ တက်ရောက်ရမှာ ဖြစ်တဲ့ Fulbright Foreign Student Scholarship ဟာနှစ်စဉ်ပေးအပ်တဲ့ပညာသင်ဆုတစ်ခုဖြစ်ပြီးတော့ ၂၀၁၇ ခုနှစ်အတွက် လျှောက်လွှာတွေကို စတင်ခေါ်ယူနေပြီဖြစ်ပါတယ်။ လျှောက်လွှာပိတ်ရက်က ဇူလိုင် (၈) ရက် ၂၀၁۶ ဖြစ်ပါတယ်။

ဒီပရိုဂရမ်ဟာ အမေရိကန်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေမှာ Master's Degree မဟာဘွဲ့တက်ရောက်နိုင်ဖို့အတွက် Full Scholarship ပေးအပ်နေတာဖြစ်ပါတယ်။ Full Scholarship ဆိုတာ နေထိုင်စရိတ်၊ ကျောင်းစရိတ်အပြင် သွားရောက်ဖို့ Visa ၊ Air Fare ပါပါဝင်ပါတယ်။ ဒီပညာသင်ဆုဟာ ထူးချွန်ထက်မြက်တဲ့သူများ ဦးစားပေးရွေးချယ်တာဖြစ်ပြီး ခေါင်းဆောင်နိုင်မှုအလားအလာ၊ပညာရေးထူးချွန်မှု၊အမေရိကန်နိုင်ငံမှာ လိုက်လျောညီထွေစွာ နေထိုင်နိုင်မှုရှိ၊ မရှိ အမေရိကန်နိုင်ငံနဲ့ တခြားနိုင်ငံတွေရဲ့ဆက်ဆံရေးကို မြှင့်တင်နိုင်ဖို့ အလားအလာရှိ၊မရှိ စတာတွေကိုအကဲဖြတ်ရွေးချယ်တာဖြစ်ပါတယ်။

ကိုယ်ကြိုက်နှစ်သက်ရာ ဘာသာရပ်ကို လျှောက်ထားလို့ရပြီးတော့ လျှောက်ထားသူတွေဟာ ပညာသင်ဆုရရှိခဲ့ပြီး ပညာသင်ပြီးရင် မြန်မာနိုင်ငံကိုပြန်လာပြီးအနည်းဆုံး (၂) နှစ်ပြန်နေထိုင်ရမှာဖြစ်ပါတယ်။

2017 Fulbright Foreign Student Scholarship အတွက်လိုအပ်တဲ့ သတ်မှတ်ချက်တွေနဲ့ အသေးစိတ်အချက်အလက်တွေ ကိုတော့အောက်ပါ Link ဒါမှမဟုတ် QR–code ကို Scan ဖတ်ပြီးဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ http://burma.usembassy.gov/fulbright-foreign.html

2017 Hubert H. Humphrey Fellowship

http://burma.usembassy.gov/humphrey.html

အမေရိကန်နိုင်ငံမှာတက်ရောက်ရမှာဖြစ်တဲ့2017HubertH.HumphreyFellowship ဟာလည်းနှစ်စဉ်ပေးအပ်တဲ့ပညာသင်ဆုတစ်ခုဖြစ်ပြီးတော့ ၂၀၁၇ ခုနှစ်အတွက် လျှောက်လွှာတွေကို စတင်ခေါ်ယူနေပြီ ဖြစ်ပါတယ်။ လျှောက်လွှာပိတ်ရက်ကဇူလိုင် (၈) ရက် ၂၀၁۶ ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ဘာသာရပ်တွေထဲက ဘွဲ့လွန်သင်တန်းတစ်ခုတက်ရောက်ဖို့အတွက် (၁) နှစ်စာပညာသင်ဆုပေးမှာဖြစ်ပါတယ်။ Full Scholarship ပါဖြစ်ပါတယ်။ နှစ်စဉ် အယောက် ၂၀၀ လောက်ကို ပေးအပ်လေ့ရှိပြီး လျှောက်ထားသူတွေက တက်ရောက်မယ့်ဘာသာရပ်နဲ့သက်ဆိုင်တဲ့အလုပ်အတွေ့အကြုံ(၅) နှစ်ရှိရမှာဖြစ်ပါတယ်။ နိုင်ငံဦးဆောင်နိုင်ဖို့ အလားအလာရှိ၊မရှိနဲ့ Public နဲ့ Private Sector တွေမှာအများအကျိုးပြုနိုင်မယ့် လူမျိုးတွေကို ရွေးချယ်ပေးအပ်တာဖြစ်ပါတယ်။ လျှောက်ထားသူတွေဟာ ပညာသင်ဆုရရှိခဲ့ပြီး ပညာသင်ပြီးရင်မြန်မာနိုင်ငံကိုပြန်လာပြီးအနည်းဆုံး (၂) နှစ်ပြန်နေထိုင်ရမှာဖြစ်ပါတယ်။ လိုအပ်တဲ့သတ်မှတ်ချက်တွေနဲ့ အသေးစိတ်အချက်အလက်တွေ ကိုတော့အောက်ပါ Link ဒါမှမဟုတ် QR–code ကို Scan ဖတ်ပြီးဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။ http://burma.usembassy.gov/humphrey.html

Young Southeast Asian Leaders Initiative (YSEALI)

၂၀၁၃ ခုနှစ်မှာ အမေရိကန်နိုင်ငံသမ္မတ အိုဘားမားက Young Southeast Asian Leaders Initiative (YSEALI) ကို စတင်တည်ထောင်ခဲ့တာဖြစ်ပြီးတော့ အမေရိကန်ပြည်ထောင်စုနဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို အနာဂတ်မှာဦးဆောင်နိုင်မယ့် မျိုးဆက်သစ်လူငယ်တွေကြားကောင်းမွန်တဲ့ဆက်ဆံမှုတည်ဆောက်ဖို့နဲ့ သူတို့ကို ပြုစုပျိုးထောင်ပေးဖို့ ဖြစ်ပါတယ်။ YSEALI ပညာသင်ဆုမှာ အမေရိကန်နိုင်ငံမှာ (၅) ပတ်တာလာရောက်ပြီး ရွေးချယ်ထားတဲ့ဘာသာရပ်တွေနဲ့သက်ဆိုင်တဲ့ Workshop တွေ သင်တန်းတွေ တက်ရောက်ရမှာဖြစ်ပါတယ်။ YSEALI က သတ်မှတ်ထားတဲ့ အဓိက ပညာရပ်နယ်ပယ် (၄) ခုရှိပါတယ်။ Economic Development၊Environmental Protection ၊ Education နဲ့ Civic Engagement တို့ဖြစ်ပါတယ်။ လျှောက်လွှာတင်ဖို့နောက်ဆုံးရက်ကတော့ မေလ ၁၃ ရက်ဖြစ်ပါတယ်။

လျှောက်ထားသူဟာ အသက် ၁၈ ကနေ ၂၅ အတွင်းဖြစ်ပြီးတော့ ASEAN နိုင်ငံတွေက နိုင်ငံသားဖြစ်ရပါမယ်။

Young Southeast Asian Leaders Initiative (YSEALI) ကိုလျှောက်ထားဖို့အတွက် လိုအပ်တဲ့သတ်မှတ်ချက်တွေနဲ့ အသေးစိတ်အချက်အလက်တွေကို အောက်ပါ Link ဒါမှမဟုတ် QR –code ကို Scan ဖတ်ပြီးဝင်ရောက် ကြည့်ရှုနိုင်ပါတယ်။ http://burma.usembassy.gov/yseali.html





STRATEGY FIRST INSTITUTE

EDINBURGH BUSINESS SCHOOL

HERIOT-WATT UNIVERSITY

STRATEGY FIRST INSTITUTE is an approved partner of Edinburgh Business School

MADE IN THE UK.
VALUED WORLDWIDE.

MBA & MSc
Programmes

INTERNATIONAL LEARNING.
INDEPENDENT THINKING.

www.ebsglobal.net

Strategy First မှ Edinburgh Business School Heriot-Watt University မှ MBA, MSc programmes များကို တရားဝင်အသိအမှတ်ပြု ဒိတ်ဖက်အဖြစ် ဂုဏ်ယူစွာစတင်သင်ကြားပေးတော့မည်ဖြစ်ပါသည်။

Heriot-Watt University ကို 1821 တွင် တည်ထောင်ခဲ့ပြီး UK ရှိ (၉) ခုမြောက် သက်တမ်းအရှည်ဆုံး တက္ကသိုလ် ဖြစ်ပါသည်။ UK နိုင်ငံရှိ တက္ကသိုလ်များ၏ အဆင့်သတ်မှတ်ချက်ကို ဖော်ပြသော UK Guardian University League Table 2016 တွင် Heriot-Watt University သည် နံပါတ် (၁၈) နေရာရရှိထားပြီး ကမ္ဘာ့အဆင့် (၃၁၈) ရှိသောတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်းပညာရေးအရည်အသွေး ကောင်းမွန်မှုကြောင့် ၂၀၀၉ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း Financial Times သတင်းစာ၏ တက္ကသိုလ်များ စာရင်းတွင် ဖော်ပြခြင်းခံခဲ့ရသော ထိပ်တန်းတက္ကသိုလ်တစ်ခု ဖြစ်ပါသည်။

Edinburgh Business School (EBS) သည် Heriot-Watt University ၏ ဘွဲ့လွန်စီးပွားရေး သင်တန်းများကို သင်ကြားပေးနေသော ဌာနတစ်ခုဖြစ်ပါသည်။ ယခုလက်ရှိ EBS MBA programme များကို နိုင်ငံပေါင်း (၁၆၆) နိုင်ငံတွင် တက်ရောက်နေကြပြီး တက်ရောက်နေသူများ တက်ရောက်နေသူများထဲ တွင် Fortune (500) စာရင်းတွင်ပါဝင်သော ကမ္ဘာ့ဩဇာအကြီးမားဆုံးကုမ္ပဏီများမှလည်း ပါဝင်ပါသည်။

MBA သင်တန်းများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီး လုပ်သက်အတွေ့အကြုံ (၃) နှစ်ရှိရန်လိုအပ်ပါသည်။ အင်္ဂလိပ်စာအတွက်ကတော့ IELTS 6.5 ရရှိထားဖို့ လိုအပ်ပါသည်။ IELTS စာမေးပွဲ အောင်လက်မှတ်မရှိပါက အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပါသည်။ ဘွဲ့မရရှိထားသော်လည်းလုပ်သက်အတွေ့အကြုံကောင်းမွန်သောလုပ်ငန်းရှင်များကိုလည်း အင်္ဂလိပ်စာလိုအပ်ချက် ပြည့်မှီပါက ဝင်ခွင့်ရရှိရန် စဉ်းစားပေးပါမည်။ သင်တန်းပြီးဆုံးအောင်မြင်သောအခါ UK နိုင်ငံရှိ Heriot-Watt University တွင်ဘွဲ့နင်းသဘင် အခမ်းအနားမြင့် MBA ဘွဲ့ကို တက်ရောက်ယူနိုင်မည် ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန် များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ် သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လ ကြာမြင့်ပါမည်။

မြန်မာနိုင်ငံတွင် တက်ရောက်နိုင်သော နိုင်ငံတကာ MBA များတွင် Ranking အမြင့်ဆုံး ရရှိထားသော တက္ကသိုလ် ဖြစ်ပါသည်။

■ သင်တန်းများကို မေလ (၂၈) ရက်နေ့တွင် စတင်မည်ဖြစ်ပါသည်။



#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Tsp.

Please Note: Strategy First does not render its services to tobacco, alcohol and MLM enterprises and their employees.

Apply Now - (09) 450177770

ပိုလန်နိုင်ငံက မြန်မာနိုင်ငံရဲ့စက်မှုကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးရေးအတွက် နည်းပညာပိုင်း ပံ့ပိုးပေးမယ်

မြန်မာနိုင်ငံနဲ့ ပိုလန်နိုင်ငံတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရန်အတွက် ပထမဦးဆုံး နားလည်မှုစာချွန်လွှာကို မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်နဲ့ ပိုလန်ကုန်သည်ကြီးများအသင်းတို့က လက်မှတ်ရေးထိုးခဲ့တယ်လို့ကုန်သည်စက်မှုအသင်းချုပ်က သိရပါတယ်။

မြန်မာနဲ့ ပိုလန်နှစ်နိုင်ငံအကြားအားကောင်းတဲ့စီးပွားရေးချိတ်ဆက်မှု ရရှိစေဖို့အတွက် ရည်ရွယ်ချုပ်ဆိုခဲ့တာဖြစ်ပြီး နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့၊နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှုကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပိုလန်နိုင်ငံက မြန်မာနိုင်ငံမှာ စက်မှုကုန်ထုတ်လုပ်မှုနည်းပညာပိုင်းကို အဓိကပံ့ပိုးပေးမှာဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များကို နည်းပညာအကူအညီနဲ့ မြှင့်တင်ပြီး ပို့ကုန်မြှင့်တင်ရန်၊ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရန်တို့အတွက် ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။ **SFJ Team**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ထရန်စဖော်မာ အလုံး ၂၅၀ ထပ်မံတပ်ဆင်

အခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးမှာ လျှပ်စစ်ထရန်စဖော်မာ အလုံး ၂၅၀ ထပ်ပြီး တပ်ဆင်ပေးသွားမယ်လို့ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းထံကသိရပါတယ်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တွေထဲက အသစ်လဲလှယ်ဖို့ လိုအပ်နေတဲ့လျှပ်စစ်ထရန်စဖော်မာတွေကို ပုံမှန်လဲလှယ်ပေးလျက်ရှိနေပြီး ဓာတ်အားသုံးစွဲမှု ထပ်ပြီးတိုးလာတဲ့နေရာတွေနဲ့ဓာတ်အားလိုအပ်ချက်ရှိတဲ့ မြို့နယ်တွေမှာ တိုးချဲ့တပ်ဆင်သွားဖို့ရှိတယ်လို့ သိရပါတယ်။

"ပြည်သူတွေလျှပ်စစ်ဓာတ်အား ပိုပြီးပြည့်ပြည့်၀၀သုံးနိုင်ဖို့ ဒီတစ်နှစ်အတွင်းမှာလျှပ်စစ်ထရန်စဖော်မာ အလုံး ၂၅၀ ကို ထပ်ပြီးတပ်ဆင်သွားဖို့ရှိပါတယ်၊ လျှပ်စစ်ဓာတ်အားနဲ့ ပတ်သက်ပြီးအခက်အခဲတွေကတော့ အခုအချိန်အထိလည်း ရှိနေဆဲပါ၊ ဒါပေမဲ့ကျွန်တော်တို့ဘက်ကလုပ်နိုင်တာတွေကိုအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါမယ်" လို့ လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတာ၀နှ်ရှိသူကပြောပါတယ်။

SFJ Team

(၅) နှစ်ကျော်ကာလအတွင်း အထည်ချုပ်လုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀,၀၀၀ ကျော်ဖန်တီးပေးခဲ့

ပြီးခဲ့တဲ့ (၅) နှစ်ကျော်ကာလအတွင်း အထည်ချုပ်လုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၅၀,၀၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့တယ်လို့မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်အသင်းက သိရပါတယ်။

ဒီပမာဏက ၂၀၀၂ခုနှစ်မှ ၂၀၁၀ ခုနှစ်မှာ ခန့်ထားပေးနိုင်တဲ့ အလုပ်အကိုင်ပမာဏထက် ၆၀ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ခြင်းဖြစ်တယ်လို့ ယင်းအသင်းဥက္ကဋ္ဌဦးမြင့်စိုးကပြောဆိုခဲ့တာပါ။

"လက်ရှိကျွန်တော်တို့အထည်ချုပ်လုပ်ငန်းကဏ္ဍမှာ ဖန်တီးပေးထားနိုင်တဲ့ အလုပ်အကိုင်အခွင့်အလမ်းက (၃) သိန်းခွဲအထက်မှာရှိတယ်၊နှစ်အလိုက်ကျွန်တော်တို့ကဏ္ဍမှာ အလုပ်အကိုင်အခွင့်လမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်" လို့ သူကပြောပါတယ်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အထည်ချုပ်လုပ်ငန်း၊ စက်ရုံပေါင်းက ၃၈၉ ရုံရှိနေပြီး စက်ရုံ ၁၉၆ ရုံက မြန်မာလုပ်ငန်းရှင်တွေ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံခြားသားပိုင်လုပ်ငန်းပေါင်းက ၁၇၁ ရုံနဲ့ အကျိုးတူလုပ်ငန်းပေါင်းက ၂၂ ခု အထိ ရှိတယ်လို့ အသင်းချုပ်စာရင်းတွေအရ သိရပါတယ်။

SFJ Team

ထိုင်းရဲ့ A & N Foods ဟာ မြန်မာနိုင်ငံမှာ ကန်ဒေါ်လာ (၅)သန်း ရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ငန်းတွေတိုးချဲ့လုပ်ကိုင်ရန် စီစဉ်

အရည်အသွေးမြင့် ပင်လယ်စာထုတ်ကုန် ထုတ်လုပ်သူနဲ့ ဖြန့်ဖြူးရောင်းချသူ ကုမ္ပဏီတစ်ခုဖြစ်တဲ့ ထိုင်းရဲ့ A & N Foods ကုမ္ပဏီဟာ ဆိုရင် မြန်မာနိုင်ငံမှာ အမေရိကန်ဒေါ်လာ (၅) သန်းရင်းနှီးမြှုပ်နှံပြီးတော့ လုပ်ငန်းတွေ စတင်လုပ်ဆောင်သွားတော့မှာဖြစ်တယ်လို့ သတင်းတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ထိုင်းနိုင်ငံရဲ့အေးခဲစားသောက်ကုန်ထုတ်လုပ်သူများအသင်းမှာအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ A & N Foods လုပ်ငန်းဟာပင်လယ်စာစားသောက်ကုန်တွေဖြစ်ကြတဲ့ဂဏန်းအသားချောင်း၊ ငါး၊ အသားတွေနဲ့ ပြုလုပ်ထားတဲ့ အနှစ်အခဲတွေ၊ ပင်လယ်စာ အသားလုံးတွေနဲ့ ပင်လယ်စာပါ စတာ တွေကို ထုတ်လုပ်နေတာဖြစ်ပြီးတော့ သြစတြေးလျှ၊ အမေရိကန်၊ ဗြိတိန်၊ အီးယူနိုင်ငံတွေနဲ့ ဟောင်ကောင်တို့ဆီကို တင်ပို့နေတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။

Apitoon Group ရဲ့ညီအမ ကုမ္ပဏီတစ်ခုလည်းဖြစ်တဲ့ A&N Foods ဟာ ခုဆိုရင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတော့မှာဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်မှာနိုင်ငံခြားသားအလုံးစုံပိုင် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတစ်ခုအဖြစ် လုပ်ကိုင်သွားတော့မှာဖြစ်ပါတယ်။ **Dealstreet**

လေအိတ်ချို့ယွင်းချက်ရှိလို့ Nissan က ကားစီးရေပေါင်း ၃ ဒသမ ၅၃သန်း ပြန်သိမ်းမည်

ယာဉ်တိုက်မှုဖြစ်ချိန်မှာ အရေးပေါ် လေအိတ်မပွင့်တဲ့ ချို့ယွင်းချက်တစ်ခုကိုတွေ့ရှိထားရလို့ကားစီးရေ ၃ ဒသမ ၅၃ သန်းကို လာမယ့်အချိန်တိုတွင်းမှာပဲ ပြန်သိမ်းသွားတော့မယ်ဆိုပြီး Nissan Motor Co.,Ltd က ဇူပြီ ၂၉ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ယခု သိမ်းယူမယ့်ကားတွေထဲမှာတော့ အမေရိကန်နိုင်ငံမှာ ရောင်းချထားရတဲ့ကားတွေ အများဆုံးပါ၀င်မယ်လို့ သိရပါတယ်။

ယင်းကားတွေမှာဆိုရင် မောင်းသူဘက်ကမဟုတ်ဘဲ ခရီးသည်ထိုင်တဲ့ဘက်ခြမ်းက လေအိတ်တွေက ဆင်ဆာချို့ယွင်းချက်ရှိလို့ ကောင်းကောင်းအလုပ်မလုပ်ဘဲဖြစ်နေတယ်ဆိုပြီးကုမ္ပဏီဘက်ကပြောကြားထားခဲ့ပါတယ်။

ယခုလို ကားပြန်သိမ်းရတာကပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်နောက်ပိုင်း လေးကြိမ်မြောက် ဖြစ်လာတယ်လို့ ဂျပန်မော်တော်ကားကုမ္ပဏီကဆိုပါတယ်။ ကားတွေမှာလေအိတ်မပွင့်လို့ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်စဉ်ပေါင်း သုံးခုထိဖြစ်ထားခဲ့ပေမယ့် လူသေဆုံးစေတဲ့ အထိတော့ ပြင်းထန်ခဲ့ခြင်းမရှိဘူးလို့လည်း ကုမ္ပဏီက ပြောပါတယ်။

CNA

အာရှ-ပစိဖိတ်ဒေသရဲ့စီးပွားရေးတိုးတက်မှု ၄ ဒသမ ၈ ရာခိုင်နှုန်းရှိမယ်လို့ ကုလသမဂ္ဂခန့်မှန်း

ယခုနှစ်အတွင်းအာရှ-ပစိဖိတ်ဒေသရဲ့စီးပွားရေးတိုးတက်မှုမှာ ၄ ဒသမ ၈ ရာခိုင်နှုန်း ရှိမယ်ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂကဇူပြီ ၂၉ ရက်မှာ ခန့်မှန်းထုတ်ပြန်လိုက်ပါတယ်။

အာရှ-ပစိဖိတ်ဒေသကဖွံ့ဖြိုးဆဲစီးပွားရေးနိုင်ငံတွေရဲ့ တိုးတက်မှုအခြေအနေက ယေဘုယျအားဖြင့်တော့ တည်တည်ငြိမ်ငြိမ်ဖြင့် ဆက်လက်တိုးတက်နေမှာဖြစ်သလို ရံဖန်ရံခါ စီးပွားရေးရာ မရေမရာမှုများနဲ့တော့ ကြုံတွေ့ရနိုင်တယ်ဆိုပြီး ကုလသမဂ္ဂက ထုတ်ပြန်ပြောကြားခဲ့ပါတယ်။ ယခု ခန့်မှန်းချက်ကိုတော့ ၂၀၁၆ ခုနှစ် အာရှ-ပစိဖိတ်ဒေသ၏ စီးပွားရေးရာနဲ့ လူမှုရေးရာ စစ်တမ်းလို့ အမည်ပေးထားတဲ့ အစီရင်ခံစာတစ်ရပ်မှာ ထည့်သွင်းဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒေသမှာရှိတဲ့စီးပွားရေးနိုင်ငံတွေ ကြုံတွေ့ရနိုင်တဲ့ အခြေအနေတွေထဲမှာတော့ စားသုံးမှု အားနည်းနိုင်တာနဲ့ ဒေသတွင်းက အဓိကဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံမှုပိုင်း အားနည်းနိုင်တာ၊ ငွေလဲလှယ်မှုနှုန်းတွေ တည်ငြိမ်မှုမရှိနိုင်တာနဲ့ ပုဂ္ဂလိကနဲ့ စုပေါင်းကြွေးမြီတွေ တိုးပွားလာနိုင်တာ စတာတွေ ပါ၀င်နေတယ်လို့ အစီရင်ခံစာအရ သိရပါတယ်။

Xinhua

ဗီယက်နမ်ဓာတ်မြေသြဇာကုမ္ပဏီက မြန်မာနိုင်ငံရဲ့ဈေးကွက်ထဲမှာ ချဲ့ထွင်ဖို့စီစဉ်

ယခုနှစ်ထဲမှာ ဒေသတွင်း ဈေးကွက်တွေဖြစ်ကြတဲ့ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ ထိုင်းနိုင်ငံတွေဆီမှာ ၀င်ရောက်လုပ်ကိုင်သွားမယ်ဆိုပြီး ဗီယက်နမ်ဓာတ်မြေသြဇာကုမ္ပဏီ Binh Dien Fertilizer Joint Stock Companty- BFC က ရဲ့တာ၀နှ်ရှိသူတွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဇူပြီ ၂၇ ရက်က ဟိုချီမင်းမှာ ပြုလုပ်ခဲ့တဲ့ရှယ်ယာရှင်အစည်းအဝေးမှာတော့ယခုအစီအစဉ်ကိုပြောကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတော့ ကုမ္ပဏီအနေနဲ့လုပ်ငန်း၀င်ငွေဗီယက်နမ်ဒေါင် ၆ ဒသမ ၁ ထရီလီယံ (ကန်ဒေါ်လာ ၂၇၃ သန်း) ရရှိထားသလို ယင်းနှစ်ထဲမှာအခွန်ဆောင်ပြီးအကျိုးအမြတ်ပမာဏက ဒေါင်ငွေ ၂၀၃ ဘီလီယံ ရှိခဲ့ပါတယ်။ ယခုလို ၀င်ငွေအကျိုးအမြတ်ရရှိမှုပိုင်းကို ကြည့်ရင်တော့ ကျဆင်းမှု တချို့ဖြစ်ပေါ်ခဲ့တာကို တွေ့ရနိုင်သလို ယင်းကလည်းနိုင်ငံရဲ့ ဒေသတချို့မှာ ကာလကြာမိုးခေါင်မှုကြောင့် တောင်သူတွေ အနေနဲ့ဓာတ်မြေသြဇာ၀ယ်ယူအသုံးပြုမှုနည်းပါးခဲ့တာကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

Nation

Got a Meeting ? Take a Walk

ဝင်ငွေ

Strategy First Times ရဲ့ Ted Talk ကဏ္ဍ Ted.com ကကမ္ဘာကျော်တွေနဲ့ Interview တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခန်းတွေ၊ ပညာရပ်ဆိုင်ရာလေ့လာစရာတွေကို အပတ်စဉ်ဖော်ပြသွားမှာဖြစ်ပါတယ်။ ဖော်ပြထားတာက Video ဖြစ်ပြီးတော့ Video ဝင်ကြည့်ဖို့ Mobile Phone နဲ့ပေးထားတဲ့ QR Code ကို Camera ကနေ Scan လုပ်ရမှာပါ။ QR Code Scanner Application တွေကိုတော့ Google Playstore ၊ App Store တို့ကနေ Download ဆွဲလို့ရပါတယ်။

ဒီတစ်ပတ်မှာတော့ Nilofer Merchant ရဲ့ Got a Meeting ? Take a Walk ဆိုတဲ့ Video လေးကိုဖော်ပြမှာဖြစ်ပါတယ်။

Nilofer Merchant ဟာ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့တဲ့နေရာမှာ ပါဝင်ကူညီအကြံပေးနေသူ တစ်ယောက်ဖြစ်ပြီးတော့ Fortune 500 စာရင်းဝင် ကုမ္ပဏီကြီးတွေအပြင် စတင်တည်ထောင်ကာစ ကုမ္ပဏီပေါင်းများစွာနဲ့လည်း အတူလုပ်ကိုင်ခဲ့ဖူးပါတယ်။ Apple၊ Autodesk၊ Logitech၊ Symantec, HP၊ Yahoo၊ VMWare အစရှိတဲ့ကုမ္ပဏီကြီးတွေအတွက် လုပ်ငန်းတိုးတက်ရေးနဲ့ တိုးချဲ့ရေး၊ စျေးကွက်သစ်ဝင်ရောက်ခြင်း၊ ပြိုင်ဘက်များနဲ့ ယှဉ်ပြိုင်ခြင်း စတဲ့နည်းဗျူဟာတွေအတွက်အကြံဉာဏ်ပေးခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ အခု

အချိန်မှာတော့ ပုဂ္ဂလိပိုင်ကုမ္ပဏီတချို့ရဲ့ဒါရိုက်တာဘုတ်အဖွဲ့မှာ ပါဝင်ထားပြီး စီးပွားရေးနဲ့ ပတ်သက်တဲ့ စာအုပ်တွေကို ရေးသားထုတ်ဝေလျက်ရှိပါတယ်။

လူတွေနေ့တိုင်း အလုပ်မှာလုပ်နေတဲ့အရာတစ်ခုက တကယ်တော့ အန္တရာယ်ရှိတဲ့အရာတစ်ခုဖြစ်တယ်လို့သူကပြောထားပါတယ်။ ဒါကတော့ တစ်နေကုန်ထိုင်နေတာပါပဲ။ အချိန်ပြည့်အလုပ်လုပ်နေတဲ့လူတစ်ယောက်ဟာ တစ်နေ့ကိုပျမ်းမျှအားဖြင့် ၉ဒသမ ၁ နာရီထိုင်နေတယ်လို့ ဆိုပါ တယ်။ ဒါက ညဘက်အိပ်တဲ့အချိန်ထက် တောင်များပါတယ်။

လူပ်ရှားမှုနည်းပါးတဲ့အတွက် ကျန်းမာရေးထိခိုက်မှုတွေ ရှိနေပြီးတော့ ခါးနာတာမျိုးတင်မဟုတ်ပါဘူး၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ စတာတွေကလည်း လူပ်ရှားမှုမရှိဘဲ အထိုင်များရင် ဖြစ်တတ်ပါတယ်လို့ သူကပြောပါတယ်။

Nilofer Merchant ဟာ တစ်ချိန်တုန်းက အချိန်တွေမအားလပ်တဲ့အတွက်ကြောင့် တွေ့ဆုံစရာရှိတဲ့လူတစ်ယောက်ကို သူ့ခွေးတွေနဲ့ လမ်းလျှောက်ထွက်တဲ့အချိန်မှာလိုက်ခဲ့ဖို့ပြောခဲ့ဖူးပါတယ်တဲ့။ ဒီမှာပဲသူက လမ်းလျှောက်ပြီး စကားပြောဆွေးနွေးတာက အကြံဉာဏ်ကောင်းတွေ ဘယ်လိုရရှိလာစေတယ်ဆိုတာကို သိလာပါတယ်တဲ့။ ဒါကြောင့် သူဟာ ကျန်းမာရေးထိခိုက်စေမယ့် တစ်နေ့လုံးထိုင်နေတာမျိုးမလုပ်ပါနဲ့ အစည်းအဝေး၊ ဆွေးနွေးစရာရှိရင် လမ်းလျှောက်ထွက်ရင်းဆွေးနွေးပါလို့ပြောထားပါတယ်။ ကျန်းမာရေးအတွက်လည်းကောင်း၊ အလုပ်အတွက်လည်းကောင်းတယ်လို့ပြောထားပါတယ်။

Strategy First Times Crosswords



Clues - On clothing

Across

2. A policeman wears this
5. Denim
6 .Makes tracks
7. A must for cold weather
8.Foot insulation
9. Tighten if baggy
10. Skull warmer
11. Trousers

Down

1.A lady may wear this
3 sometimes called a shirt
4 Nice for cold weather
5 A must for cold weather
9. A cowboy wears these

t&ift ywf&Crosswords t ajzr;m;

Clues - On Weather

Across

1. SNOW
4. WINDY
6. THUNDER
8. LIGHTNINGs

Down

1. SUNNY
2. RAINING
3. COLD
4. WARM
5. COOL
7. HOT



အလုပ်လုပ်ရင်းနေ့လယ်စာ စားပြီးချိန်လောက်မှာ ပျင်းရိပြီး အိပ်ချင်လာတတ်သလား အာရုံစိုက်မှု ပြန်ရနိုင်အောင် ဒါတွေကိုလုပ်ပါ

t vkyfxrSaeY , f(2) em&Dxkd avmufa&mu&ifuefawmfhwufuawmh aeYwkdfvkdtydcifvmovkdajcukd vufyefusovkdpfvmwwfyw , ft 'D tcsdefSykdEfvkdaeus v , fv , fulul vkyfvkdEkdwhtvkdawawmifSDatmif vkyfzkdufaewmrsdu&kwwfyw , ft 'D vkdcsdefsdpSytdyefvkd&ao;bJvm; vkdwmifpOfpm;vmrdwwfyw , f

'Da&mrSt 'DvkdcsdEav;vkdkdfrdf yDawmhcEmukdftwufceftm;awjyef jznfzkdvkdyfvmovkdpfwwfwmu uef awmfwpfa , mufwnfr[kwfb uefawmfh vkdpwjcm;olawvnfjzpfwwfur , fvkd xifyw , ft 'DumifoifvkdwpfaeYvm rSscEmukdftwuftem;&zkdoifvkdU tvkyfvkdEkdprfawukdk&SmapEkd , fh enfvrfawukdefawmfpOfpm;rdavmuf ajymcifyw , ft 'DrSawmhykdEfoae ujzpfwhvrfxavmufwmwkdumfzD wpfcufxyfazmfaomufwmrsdvrfnTf csufawryyybJ/aeY , fbufawrSs cEmukdfav;vkdkdfrdfvmwwfwmuae jyefvnfvefqeftm;jynfwmEkdwhtcsuf awukdjymcifyw , f

1 olI , csifwpfa , mufyrS[kwf rdm;pkifwpfa , mufpDkd zkdfqufpum;ajymyJ

uefawmfhSoli , csifwpfa , muf &SDw , fol[m tvkyfxrSo&UzkdqDkd ykdEtjyifxufzkdfqufpum;ajymwmrsd vkyfwwfyw , fub , favmufrm;aumif whvkyfaqmifyJvvkdUefawmfwkdtcsdef wkdfaw;lunfhyw , fuefawmfvnf'rsd vkdfvkdoifw , fvkdkifyw , f

2 ukdfxkdfaewhxkdfcsdae xyD[kdm;'Dm;omy;J

wpfaeYwpfaeYukdoif[m b , fESem&D avmufawmifrsm; ae&mwpfckwnfrS xkdfyDawmht vkyfvkdae&yJov?ajzqkd olawuawmhem&Dwmfawmfrsm;rsm; xkdf aerdwfuw , fvkdz&ifajzyJvdh , f wu , fvkdoif[m pm;ywpfck&SDrwf wy&yfyDvkdae&w , fqkdifawmifSe&m wpfckrSytcsdefwmfawmfrsm;rsm;ukdqkH aeyJvdh , ft 'DvkdYoif[mcEmukdf av;vkdkdfrdfvmwwukdpH;vm&yJvdh r , fbmvkdqkdwmhoifkcEmukdf[m vy&SrrSwhwufumifyJt 'ajumifh tcsdftlumuDxkdaewmuaexyDawmh vkyfom;Ekdyvdh , f

1 olI , csifwpfa , mufyrS[kwf rdm;pkifwpfa , mufpDkd zkdfqufpum;ajymyJ

uefawmfhSoli , csifwpfa , muf &SDw , fol[m tvkyfxrSo&UzkdqDkd ykdEtjyifxufzkdfqufpum;ajymwmrsd vkyfwwfyw , fub , favmufrm;aumif whvkyfaqmifyJvvkdUefawmfwkdtcsdef wkdfaw;lunfhyw , fuefawmfvnf'rsd vkdfvkdoifw , fvkdkifyw , f

2 ukdfxkdfaewhxkdfcsdae xyD[kdm;'Dm;omy;J

wpfaeYwpfaeYukdoif[m b , fESem&D avmufawmifrsm; ae&mwpfckwnfrS xkdfyDawmht vkyfvkdae&yJov?ajzqkd olawuawmhem&Dwmfawmfrsm;rsm; xkdf aerdwfuw , fvkdz&ifajzyJvdh , f wu , fvkdoif[m pm;ywpfck&SDrwf wy&yfyDvkdae&w , fqkdifawmifSe&m wpfckrSytcsdefwmfawmfrsm;rsm;ukdqkH aeyJvdh , ft 'DvkdYoif[mcEmukdf av;vkdkdfrdfvmwwukdpH;vm&yJvdh r , fbmvkdqkdwmhoifkcEmukdf[m vy&SrrSwhwufumifyJt 'ajumifh tcsdftlumuDxkdaewmuaexyDawmh vkyfom;Ekdyvdh , f

3 owifaqmifyJwpfykdfukd zwfay;y/

pmzwfcif&UusdusZlawuawmh ajymrukdEkdatmifyJ? 'ayrhtajccH uwhtcsufu t 'u oifukdvmavm q , fvkdaewhtvkdawuaexufyJuf wpfckay;vkdEkdyw , fpmzwfyDawmh oifhvkdukdyeftm½kdkdfvkdr , fqkdif awmhvefqefwpfcsufcsufawtvkdkd &&Sewmukdifawvm&rSzpfovkdapm ykdfwkdfu tcsdefyDZkdvkdewhtvkdaw awmifSykDpfcsufcsufumifaumifeY vkdom;Ekdyvdh , f

wu , fvkdoifm;yayeYoifw , f tvfxrSzwfp&mwpfckktv , fwul &SaebJqkdiftifvmeufuoifudufwh qkdfwpfckyukdm;yDpfcsufoifm;zkdumif whaqmifyJwpfckkdkdSzwfyJ/wu , fvkdU oif[mpmukdveftuHHm½kdkdzwfwwf olqkdifawmhem&Dkdunfay;zkdvnfrarh yeY

4 aw;oDifem;axmifyJ

oifeYwfoufvkdmwpfckSefawmf odxm;ybJ? 'ayrhvnfoDifaumif wpfyk&pnfcufawuuefawmfcifukd vkdfyJvf&rfapwhxdprfxufyw , f aw;*DvoDifawuuefawmfvkdpdvf cpH;cufawukdkdumifvmapEkdfovkd uefawmfvkdSewprftifawukdkdifh vmapEkdfyw , f

oif[m½kdSoiftudufqkdw;oD cifaweYuaer , fqkdifawmhuefawmf tjynfh0axmufcHHm;ay;omrSy? wpfckawmhSw , foifuawmhoifkdvkf azmfukdufawpdvftaESmfh , Sfjzpf ciftcsdfxduvkdrSzpfyw , f

5 OmPfrfysdawpfckokdr[kwf Puzzle *dfwpfckokdqmhunfyJ/

oifpdwftm½kdkdfrdfaewhtcsdefsdpS OpfESufokdyDqmkdr , fupm;enfaw avmufoifhwufaumifEkdwhtm&mrsd r&SJbJ/pOfpm;&wh*dfawaqmhunfyJ/ uefawmfqkdifvnfSudoku*dfukd&rf udufwbJzpfyw , f

6 wjcm;vky&r , fpm&ifxu updkyfawukdkdyJ/

wjcm;vky&r , fpm&ifqkdwmb , fvkd rsdukdjymwmyJv?oif[mwpfaeYwpfaeY tvkyfuae tdyefa&mu&ifarmyefyD tm;tifukdrfaewwfyw , ft 'DcsdefS wjcm;bmrSvkyfEkdawmhowDxkdunfh aewmrsdavmufyJvkyfEkdyfawmhw , f 'Dwmhoifhsvkyfp&m&SDhtvkyfawukd rvkyfzpfawmhawmifvkdkdwwfyw , f 'DvkdrdawmSew , fqkdifaeYvnfykdf tvkyfxrSpdvfydyfywhtcsdefStusd &SDtmifvkdvkyfunfhoifyw , f 'ayrh updkyfDwukdvkyfzufyDxufvkyfzkdqkd vkdwmr[kwfbJ/Oyrm-

q&mOefyzkdwufBooking vkyfwm? tcsdftcsufwpfckvkyfwm?bPfaivTwh updktokdqmifpdkyfwpfckr , fwm , lwm bmyjzpfzpfyJ? ta&;ordfuDvhudk , f awukdqkdrmufatmifvkyfvkdfwmuoifh pdwfukdav;vkdkdfrdfuae uifa0;ap yvdh , f

စံ – ဏဏီဘိုဟောစာတမ်း

၂၀၁၆ မေ (၉) ရက်နေ့မှ ၂၀၁၆ မေ (၂၂) ရက်နေ့အထိ

တနင်္နေ့နေ့မွေးသူများ

ဆောင်ရွက်ရမည့်ကိစ္စအားအချိန်ဆွဲခြင်းမပြုရ။ ဆုံးဖြတ်ထားပြီးတိုင်း ရှေ့တိုးလုပ်ကိုင်လိုက်ပါ။ အထောက်အကူပြုသူများ ကူညီသူများ နံဘေးတွင်လုပ်ကိုင်လိုက်ပါ။ အထောက်အကူပြုသူများ ကူညီသူများနံဘေးတွင် ဝန်းရံနေသည်။ ကိုယ်ပိုင်ခံစားချက်များကို ဦးစားမပေးဘဲ လုပ်သင့်လုပ်ထိုက်သည့် အကြောင်းအရာတို့ကိုပြတ်သားစွာရှေ့တိုးလုပ်ကိုင်ပါ။အလုပ်စီးပွားတိုးတက်ခြင်းနှင့်ပညာအတတ်ဆိုင်ရာဆောင်ရွက်မှုအောင်မြင်ခြင်းများအခိုင်အမာရမည်။မြှုပ်နှံထားသောငွေကြေးမှ အကျိုးအမြတ်ကောင်းစွာရမည်။ ရပ်တန့်ထားသောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်လိမ့်မည်။ တွဲဖက်ရန် ကမ်းလှမ်းလာသူများအား လက်ခံနိုင်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အပြာရင့်ရောင်၊ အစိမ်းရောင်၊ မီးခိုးရောင် ။ အကျိုးပေးဂဏန်း – ၃၊ ၆၊ ၈၊ ၂ ။ ယတြာ – အနောက်အရပ်ကိုမျက်နှာမူ၍ နံပြားကိုသကြားဖြူးစားပါ။

တနင်္လာနေ့မွေးသူများ

ကောင်းမယောင်နှင့်ဆိုးသည်။ တိုးတက်မှုများစွာနောက်ကွယ်တွင် ရန်အနှောင့်အယှက်များ ဝန်းရံလျက်ရှိသည်။ တိုးတက်အဆင်ပြေမှုအပေါ် မလိုမုန်းထားလိုက်လံတားဆီးသူများရှိမည်။ အတိတ်ကာလမှ ပြဿနာအဟောင်းများကို ပြန်လည်ဖော်ထုတ်၍ အရှုပ်အထွေးဖြစ်အောင်လုပ်သူများနှင့်ကြုံမည်။ အိမ်တွင်းရေးပဋ္ဌိပက္ခများရှိမည်။ ရင်းနှီးမြှုပ်နှံမှုမှားယွင်းမည်။ရောင်းမှားဝယ်မှားဖြစ်တတ်သည်။ အပျက်အစီးအပျောက်အရှုများမည်။ ကိုယ်ရေးကိုယ်တာကိစ္စများကို လိုက်လံစွက်ဖက်နှောင့်ယှက်သူများနှင့်ကြုံမည်။ငွေလိမ်ခံရတတ်သည်။ဤကာလအတွင်းကံကောင်းစေသောအရောင် – အနီရောင်၊ကြက်သွေးရောင်၊အဝါရောင်။ အကျိုးပေးဂဏန်း – ၈၊ ၁၊ ၃၊ ၆ ။ ယတြာ – ထောပတ်ထမင်းလျှုဒါန်းပါ။ ကိုယ်တိုင်လည်းစားသုံးပါ။

အင်္ဂါနေ့မွေးသူများ

ပြောဆိုသမျှအောင်မြင်၍အခက်အခဲများကျော်လွှားနိုင်သည်။အကျိုးလိုလားသူများနှင့်ကူညီသူများရှိမည်။ရန်အပြိုင်အဆိုင်များ၊မနာလိုသူများကိုကျော်လွှားပြီးလိုရာအပြောင်းအလဲရှိမည်။အလှူမင်္ဂလာကိစ္စများကြုံတွေ့ရမည်။ကာလအတန်ကြာမေ့မေ့လျော့လျော့ထားသောအလုပ်ကိစ္စများ ပြန်လည်ဆောင်ရွက်ရမည်။ ဝေးကွာနေသောချစ်သူဟောင်းနှင့်ပြန်လည်ဆုံစည်းမည်။ ပညာ၊ သင်တန်းနှင့် ပတ်သက်သောကိစ္စများ၊ ဆောင်ရွက်အောင်မြင်မည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – အပြာရောင်၊ အနီရောင်၊ ပန်းရောင် ။ အကျိုးပေးဂဏန်း – ၂၊ ၇၊၃၊ ၀ ။ ယတြာ – ဆေးဗူး၊ ဆေးပုလင်းအဟောင်းများ ရှာဖွေစွန့်ပစ်ပါ။

ဗုဒ္ဓဟူးနေ့မွေးသူများ

မိသားစုတွင် တစ်ဦးပြီးတစ်ဦး ကျန်းမာရေးအညံ့ကြုံရမည်။ ပစ္စည်းပျောက်တတ်ဏ်။ ငွေကြေးလက်လွန်ခြင်းများဖြစ်တတ်သည်။ မသွားလိုသောအရပ်ဒေသသို့ ခရီးသွားရတတ်သည်။ မတွေ့လိုသောသူများနှင့် ရင်ဆိုင်တွေ့တတ်သည်။ တစ်ပါးသူထံမှ ငွေကြေးယူငင်၍ မြှုပ်နှံဆောင်ရွက်သောလုပ်ငန်းများ အရှုံးပေါ်မည်။ တွဲဖက်လုပ်သူ အပြောင်းအလဲရှိမည်။ သဟဇာတမဖြစ်သောဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။ အိုး၊ အိမ်၊ ခြံ၊ ကား အဝင်မတော်။ ပစ္စည်းများဝယ်ယူကာလည်း စျေးကြီးမိတတ်သည်။ ရသင့်သောငွေကြေးများ နှောင့်နှေးနေမည်။ လိမ်ညာတိမ်းရှောင်သူများနှင့် ကြုံတွေ့ရတတ်သည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – ကြက်သွေးရောင်၊ အစိမ်းရောင်၊ အညိုရောင် ။ အကျိုးပေးဂဏန်း – ၉၊ ၇၊ ၃၊ ၀ ။ ယတြာ – သကြားမုန့်ဖက်ထုပ်ဘုရားကပ်လှူခြင်းပြုပါ။

ကြာသပတေးနေ့မွေးသူများ

အခါတိုင်းတွင် လွယ်လင့်တကူ အချိန်တိုအတွင်း ပြီးမြောက်နိုင်သော ကိစ္စများသည်ပင်လျှင် ကြာမြင့်စွာ ဆောင်ရွက်ရခြင်း၊ အခက်အခဲကြုံခြင်းရှိမည်။ မူလစီမံထားသည်နှင့် လက်တွေ့ဆောင်ရွက်ရမှု ကွာဟမည်။ ငွေလက်လွန်မှုများဖြစ်ပေါ်နိုင်မည်။ အပျက်အစီး၊ အပျောက်အရှုများမည်။ ပစ္စည်းလှောင်ခြင်း၊ စျေးကစားခြင်းများ မပြုရ။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ ပေါ့ဆစွာ ကိုင်တွယ်ဆောင်ရွက်ခြင်းမပြုရ။ အန္တရာယ်ရှိတတ်သည်။ အင်္ဂါနံ (စက်၊ ဆေး) အစရှိသည်များ အမြတ်အစွန်းရရန် လှောင်ခြင်းမပြုရ။ရှုံးနိုင်သည်။ဤကာလအတွင်းကံကောင်းစေသော အရောင် – ကြက်သွေးရောင်၊အဝါရောင်၊အပြာရောင်။ အကျိုးပေးဂဏန်း – ၄ ၊ ၂ ၊ ၇ ၊ ၉ ။ ယတြာ – အုန်းသီးစိမ်းတစ်လုံးအား ထိပ်မှဖြတ်၍ အုန်းရေကို ထုတ်ယူကာ အိမ်အဝင်ဝလှေကားမှာ ပက်ဖျန်းပါ။

သောကြာနေ့မွေးသူများ

ဦးတည်ချက်ပြောင်း၍ ရှေ့တိုးလုပ်ကိုင်သောကိစ္စရပ်များမှ ကောင်းသောအကျိုးဆက်ဖြစ်ပေါ်မည်။ ခက်ခဲသောပြဿနာများ အဆင်ပြေပြီးမြောက်သွားအောင် ဖြေရှင်းနိုင်မည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စပြောဆိုဆောင်ရွက်အဆင်ပြေမည်။ မရည်ရွယ်ဘဲဆောင်ရွက်လိုက်သောကိစ္စများမှထူးခြားသောအပြောင်းအလဲနှင့် တိုးတက်မှုများ ဆက်တိုက်ဖြစ်ပေါ်မည်။ ဆုံးဖြတ်ချက်များ မှန်ကန်မည်။ အိုးအိမ် ပြင်ဆင်ခြင်း၊ အသစ်တိုးချဲ့ခြင်းများ ဆောင်ရွက်အဆင်ပြေမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – မီးခိုးရောင်၊အစိမ်းရောင်၊နို့နှစ်ရောင်၊အဝါရောင်။အကျိုးပေးဂဏန်း – ၂၊၄၊၇၊၉။ ယတြာ – နံပြားထောပတ်သုတ်ကိုအရှေ့မြောက်အရပ်ကို မျက်နှာမူ၍ စားသုံးခြင်းပြုပါ။

စနေနေ့မွေးသူများ

သူတစ်ပါးနှင့်မတူသောအတွေးအမြင်အယူအဆနှင့်ဆန်းသစ်သောလုပ်ငန်းများ ထုတ်ဖော်ဆောင်ရွက်အောင်မြင်မည်။ရင်းနှီးသူများနှင့်စကားများရတက်သည်။ လက်လွန်ဆုံးရှုံးထားရသည့်ငွေကြေးရိုင်ခွင့်များကို လက်ဝယ်ပြန်လည်ရရှိမည်။ အလုပ်နေရာ အပြောင်းအရွှေ့အတွက် ရည်ရွယ်ပြင်ဆင်ထားသည်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်။ ခရီးကိစ္စဆောင်ရွက်ရန် အထူးကောင်းသည်။ ကြန့်ကြာနေသော ရိုင်ခွင့်များကို ပြန်လည်တောင်းဆိုရရှိနိုင်မည်။ နေအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် စီစဉ်ဆောင်ရွက်မှုများ အဆင်ပြေမည်။ ဤကာလအတွင်း ကံကောင်းစေသောအရောင် – ပန်းရောင်၊ ခရမ်းရောင်၊ အနီရောင် ။ အကျိုးပေးဂဏန်း – ၀ ၊ ၂ ၊ ၇ ၊ ၉ ။ ယတြာ – လက်ဖက်နှင့် အကြော်စုံတွဲ၍ ဘုရားကပ်လှူခြင်း၊ သံယာတော်တို့အား လှူဒါန်းခြင်းပြုပါ။

ချမ်းမြေ့မေတ္တာ တို့ပြန်ပါသည်။

စံ – ဏဏီဘိုဝ

STRATEGY FIRST INSTITUTE Career Service Corner

STRATEGY FIRST မှ မွေးထုတ်ပေးလိုက်တဲ့ အရည်အချင်းပြည့်ဝသော သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများရဲ့ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေရန်အတွက် **STRATEGY FIRST** မှ Career Service Corner ကို စတင်ဖွဲ့စည်းလိုက်ပါပြီ။ **STRATEGY FIRST INSTITUTE** မှ ကျောင်းသား၊ကျောင်းသူအဟောင်း/အသစ်များ အလုပ်အကိုင်လမ်းကြောင်း တိုးတက်စေရန်အတွက် အခမဲ့ဝန်ဆောင်မှုများ ပေးနေပါတယ်။

Career Service Corner အနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းရှာဖွေနေသူကျောင်းသား/ကျောင်းသူများအားပညာပေးခြင်းနဲ့အကြံဉာဏ်ကောင်းများပေးခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ပထမဦးစွာ အခမဲ့ ကူညီဆောင်ရွက်ပေးသွားမယ့် ဝန်ဆောင်မှုများကတော့

- CV Clinic အဖွဲ့မှ အလုပ်လျှောက်ထားရာမှာ လိုအပ်တဲ့စာရွက်စာတမ်းများကိုစိစစ်စစ်ဆေးပေးခြင်း
- အလုပ်လျှောက်ရာမှာ သင်တန်းတက်ရောက်ထားကြောင်း ထောက်ခံစာများအတွက် ကူညီပေးခြင်း
- အလုပ်အင်တာဗျူးဖြေဆိုမှုအတွက် လိုအပ်သည်များကို လမ်းညွှန်ကူညီပေးခြင်း
- အလုပ်အကိုင်နဲ့ ပညာရေးတိုးတက်မှု လမ်းကြောင်းများအတွက် တစ်ဦးချင်းဆွေးနွေးတိုင်ပင်ပေးခြင်း
- အလုပ်အကိုင်အခွင့်အလမ်းများအတွက် ဟောပြောပွဲများ၊ Career Day များ၊ Mini Job Fair များ ကျင်းပပေးခြင်း - တို့ဖြစ်ပါတယ်။

နောက်ပိုင်းမှာတော့

- ကျောင်းသားကျောင်းသူများရဲ့အရည်အချင်းနဲ့ ကိုက်ညီမှုရှိသော အသက်မွေးဝမ်းကြောင်း အလုပ်များနှင့် တွဲဖက်ပေးခြင်း
- ကျွမ်းကျင်မှုနဲ့ စိတ်ဝင်စားမှုများကို ကူညီရှာဖွေဖော်ထုတ်ပေးခြင်း - တို့ကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

CV Clinic အတွက် CV ကြည့်ပေးစေလိုသော ကျောင်းသား၊ကျောင်းသူများအနေနဲ့ CV Form/Resume များကို careers@mystrategyfirst.comသို့ပေးပို့ပြီးအကြံဉာဏ်ရယူနိုင်ပါတယ်။

Career Help Line: 09 450177774 (10:00 am to 6:00 pm)

■

သင်အောင်မြင်ဖို့ စီးပွားရေးအမြင်သစ်တွေ ဆောင်ကြဉ်းပေးမယ့်

SFJ STRATEGY FIRST JOURNAL

YOUR ULTIMATE GUIDE TO ENTREPRENEURSHIP, MARKETING & EXECUTIVE LIFESTYLE

စီးပွားရေးပညာရှင်များရဲ့သုံးသပ်ချက်များ၊ အောင်မြင်တဲ့လုပ်ငန်းရှင်များနှင့်တွေ့ဆုံမေးမြန်းခြင်း၊ ဆန်းသစ်တဲ့ စီးပွားရေးအမြင်များ၊ မားကတ်တင်းနည်းဗျူဟာများ လေ့လာဖတ်ရှုနိုင်ပါတယ်။

SFJ ဂျာနယ်ကို STRATEGY FIRST INSTITUTE မှ စီစဉ်တင်ဆက်နေတာဖြစ်ပြီး Facebook ကို Like လုပ်ပြီး Follow လုပ်ထားမယ်ဆိုရင် နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ပြည်တွင်း၊ ပြည်ပ သတင်းနဲ့ အထူးတင်ဆက်မှုတွေကို ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။

The STRATEGY FIRST Times

လစဉ်ထုတ် STRATEGY FIRST JOURNAL နှင့် နှစ်ပတ်တစ်ကြိမ် အခမဲ့ အစောင်ရေ ၂၅၀၀ ထုတ်ဝေပြီး ကျောင်းသား၊ကျောင်းသူ ၅၀၀၀ ဆီ Email ဖြင့် ပေးပို့နေသော The STRATEGY FIRST Times တို့မှာ

ကြော်ငြာများ လက်ခံနေပါပြီ။

#8, Ground Floor, Panchan Tower, Bargayar Road, Myaynigone, Sanchaung Tsp., Yangon, Myanmar. Ph: (09) 26 141 7771 | email: info.sfj@gmail.com